မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးအား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးအား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် ထိုင်းနိုင်ငံချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြိုင်မြို့နယ် မင်းကန်ရေလှောင်တမံ ဆည်ရေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာခဲ့ပြီ



သတင်းမှတ်စု-တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၅

စိမ်းလန်းစိုပြည်လှသည့် တောတောင် လျှိုမြောင်များမှ သဘာဝအလျောက် စီးဆင်းလာသည့် မြစ်ရေများနှင့် သဘာဝမိုးရေများကို အကျိုးရှိစွာ အသုံးပြု၍ ရာသီမရွေး လယ်ယာမြေများ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း ဆည်မြောင်း၊ တာတမံ များစွာ ပေါ်ထွန်းလာခဲ့ပေပြီ။

ဒေသဝမ်းစာ

၂၀၀၈ခုနှစ် ဇူလိုင် ၃၀ရက်က ဖွင့်လှစ်ပေးခဲ့သည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ရွာအနီးရှိ မင်းကန်ရေလှောင်တမံ ဆည်ရေဖြင့် မိုးတွင်းကာလ၌ ရှာသွန်းခဲ့သည့် မိုးရေကို အကျိုးမဲ့ *စာမျက်နှာ ၈ ကော်လံ ၁* ❐

16-3 (01).pmd 1 3/16/2010, 2:34 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၆ ရက်)

အားကစားစွမ်းဆောင်ရည်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေး နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားရေးတို့အတွက် လူထုအားကစားလ သတ်မှတ်ဆောင်ရွက်ခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်း၊ နိုင်ငံတကာအဆင့်အတန်းမီ အားကစားကွင်းများနှင့် အားကစားရုံအသစ်များတည်ဆောက်ခြင်း၊ အားကစားသမားများအား နိုင်ငံတကာအားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းလေ့ကျင့်စေခြင်း၊ နိုင်ငံတကာအားကစားအတွေ့အကြုံရှိလာစေရန် ချစ်ကြည်ရေးအားကစားပွဲများ၊ ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများကို ပြည်တွင်း၌ လက်ခံကျင်းပခြင်းတို့ကို နည်းလမ်းအဖုံဖုံဖြင့် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေချိန်တွင် တစ်မျိုးသားလုံးစိတ်ဝင်စားသော အားကစားနည်းဖြစ်သည့် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ဘောလုံးအားကစားနည်းသည် လူအများစုပါဝင်သော လူထုဘောလုံးအားကစားမှ အဆင့်မြင့် ကျွမ်းကျင်သောသူများပါဝင်သော ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်ဆိုသည့် ခံယူချက်ကိုထားရှိ၍ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရန် အားကစားသမားများက ဇွဲနပဲ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် မြှင့်တင်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချင်းတွင်းမြစ်ကူး ဆင်ဖြူ့ရှင်တံတား ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် မတ် ၁၅

ချင်းတွင်းမြစ်ကူး ဆင်ဖြူ့ရှင်တံတား ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၉) နှင့် (၁၀) အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းချိန်ကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ၂၀၁၀ခုနှစ် မတ် ၁၅ရက်မှစ၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြား ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြသထား

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။ ဝင်ပေါက် ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြသထားသည်။

နှိုးဆော်ထား

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်၊ တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲ၍ ဖြတ်သန်းကြရန်၊ အစုန်ရေယာဉ်ကို ဦးစားပေး၍ ဝင်ထွက်ကြရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၇-၃-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော်
မေတ္တာသုတ်+ခန္ဓသုတ်
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ
ဤမြေကမ္ဘာ(၃၁)
နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၈)
တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(ပါရမီဖြည့်ဖက်သော်မှ)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ပြည်ပလာတာ)
၁၇:၁၀ Current Song(14)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်
တေးသံငြိမ့်(၄၁)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း
(ရှောင်လေဝေးဝေး)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား
နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ
သူ့ဘဝအဖုံဖုံ
(တက္ကသိုလ်ဂွမ်းပုံ)
၁၉:၃၀ တေးပဒေသာ
၁၉:၄၀ ဝတ္ထုတိုခံစားမှု(ဝန်)
၂၀:၀၀ ပြည်တွင်းသတင်း
စီးပွားရေးဦးတည်ချက်
၂၀:၂၀ တေးပဒေသာ
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ
(ဟင်းနုနယ်များများစားပါ)
လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်
မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါ
တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ကျောက်ပန်းတောင်း၌ ဆည်ရွာ-ကျောက်ပုံ ကျောက်ချောလမ်းဖောက် သောက်သုံးရေကန်နှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မတ် ၁၃ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော ပုပ္ပားတောင်မကြီးအရှေ့ဘက်ခြမ်းရှိ ဖွံ့ဖြိုးရေးလမ်း တိုးချဲ့ဖောက်လုပ်ခြင်း အစီအစဉ်အရ မြောင်းရှည်-ဆုံကုန်း-ဆင်ဆင်း-နတ်ကန်လည်-ဆည်ရွာ-ကျောက်ပုံ ကျောက်ချောလမ်းဖောက်လုပ်ခြင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးသည်။ (အပေါ်ပုံ)

ဖောက်လုပ်ပေး

အဆိုပါ မြောင်းရှည်-ဆုံကုန်း-ဆင်ဆင်း-နတ်ကန်လည်-ဆည်ရွာ-ကျောက်ပုံ ကျောက်ချောလမ်းပိုင်းရှိ မြောင်းရှည်-ဆည်ရွာလမ်းပိုင်းအရှည် ၁၀မိုင်ကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီး ဆည်ရွာ-ကျောက်ပုံလမ်း အရှည်ရှစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ပေးလျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာ၌ ကျင်းပသော သောက်သုံးရေကန်နှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် စက်ရေတွင်းနှင့် သောက်သုံးရေကန်မှ ရေပိုက်ခေါင်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ကွင်းဆင်းကြီးကြပ်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်းရှိ ရန်အောင်ပန်းခြံ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၉ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့လက်ရွေးစင်မြားပစ်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၁၄ ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာ့လက်ရွေးစင် မြားပစ်အသင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

လိုက်ပါ

အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်နှင့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲများကို ဂျူရီတာဝန်ထမ်းဆောင်ရန်တို့အတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)နှင့်အတူ ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် မြားပစ်အသင်းအဖွဲ့ခေါင်းဆောင် ဦးဝင်းကို၊ အုပ်ချုပ် နည်းပြ ဦးကျော်ဦး၊ အမျိုးသမီးနည်းပြ ဒေါ်မြတ်သူဇာမြင့်၊ အမျိုးသားနည်းပြ ဦးအောင်နိုင်ဦး၊ အဖွဲ့အတွင်းရေးမှူး ဦးသန်းကြိုင်၊ Compound အမျိုးသားအားကစားသမားများအဖြစ် ရဲမင်းဆွေ၊ ပိုင်မြတ်သူနှင့် ချစ်ဝင်းရှိန်၊ Compound အမျိုးသမီး အားကစားသမားများအဖြစ် အောင်ငိုမ်း၊ တင်ဇင်အိနှင့် ယောစိမ်းယ၊ Recurve အမျိုးသားအားကစားသမားများအဖြစ် ဇော်ဝင်းထိုက်၊ ရန်အောင်စိုးနှင့် နေမျိုးအောင်၊ Recurve အမျိုးသမီးအားကစားသမားများအဖြစ် သင်းသင်းခိုင်၊ စန်းယုထွေးနှင့် သဇင်အောင်တို့ လိုက်ပါသွားကြသည်။

အစဉ်အလာ

ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့အဆင့်ရှိ ကိုရီးယား၊ တရုတ်၊ အိန္ဒိယစသည့်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် ယင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် မြားပစ်အသင်းသည် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သော အစဉ်အလာကောင်းများရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး၏ ကိုယ်ရေးအကျဉ်း

မဟာချက်ကရီ သီရိဒ္ဓုံ မင်းသမီး။

နေပြည်တော် မတ် ၁၅

မဟာချက်ကရီ သီရိဒ္ဓုံ မင်းသမီးသည် ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်(ချ်)နှင့် မိဖုရားကြီး သီရိခေတ်တို့မှ ၁၉၅၅ခုနှစ် ဧပြီ ၂ရက်တွင် မွေးဖွားခဲ့သည့် တတိယမြောက် သမီးရတနာဖြစ်သည်။

ဒေါက်တာဘွဲ့ရရှိ

သီရိဒ္ဓုံ မင်းသမီးသည် ၁၉၇၆ခုနှစ်တွင် ချူလာလောင်ကွန်တက္ကသိုလ်မှ သမိုင်းအထူးပြုဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ခုနှစ်တွင် ဆီလ်ပါကွန်တက္ကသိုလ်မှ အရှေ့တိုင်းစာပေဘာသာရပ် (သက္ကတ၊ ကမ္ဘောဒီးယား ဘာသာ)ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ချူလာလောင်ကွန်တက္ကသိုလ်မှ အရှေ့တိုင်းဘာသာစကား (ပါဠိ၊ သက္ကတ) အထူးပြုဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် သရီနာခါရင်ဝီရော့တ်တက္ကသိုလ်မှ ပညာရေးဖွံ့ဖြိုးမှုအထူးပြုဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

သီရိဒ္ဓုံမင်းသမီးသည် တက္ကသိုလ်မှ ဘွဲ့များအသီးသီးရရှိခဲ့သည့်အပြင် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းအများအပြားသို့လည်း တက်ရောက်ခဲ့သည်။

တာဝန်ထမ်းဆောင်လျက်ရှိ

သီရိဒ္ဓုံမင်းသမီးသည် ကျန်းမာရေး၊ ပညာရေး၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် တော်ဝင်စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သီရိဒ္ဓုံမင်းသမီးသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ထိုင်းယဉ်ကျေးမှုမြှင့်တင်ထိန်းသိမ်းသည့် အဖွဲ့အစည်းများ၊ ပညာရေး၊ လူမှုရေးအဖွဲ့အစည်းများကို တည်ထောင်ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ထိုင်းကြက်ခြေနီအဖွဲ့၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၇၇ခုနှစ်မှ စတင်၍လည်းကောင်း၊ ချိုင်ပတ်တနာဖောင်ဒေးရှင်း၊ အာနန်ဒါမဟီဒုံဖောင်ဒေးရှင်းနှင့် ဒုတိယမြောက် ရာမဘုရင် ဖောင်ဒေးရှင်းတို့၏ အမှုဆောင်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စိုင်ချိုင်း ထိုင်းဖောင်ဒေးရှင်းနှင့် မင်းသား မဟီဒေါလ်ဆုဖောင်ဒေးရှင်းတို့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ထိုင်းဘုရင်က ဦးဆောင်ပြုစုနေသည့် ထိုင်းအငယ်တန်း စွယ်စုံကျမ်း ပြုစုရေးကော်မတီ၏ အကြံပေးအဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့ပြင် သီရိဒ္ဓုံမင်းသမီးသည် တက္ကသိုလ်များ၌ ဟောပြောပို့ချခြင်း၊ ပြည်တွင်းပြည်ပတွင် ကျင်းပသည့် ပညာရေးဆိုင်ရာ ကွန်ဖရင့်များနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

အဆိုပါလူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များကြောင့် နိုင်ငံတကာမှ သီရိဒ္ဓုံမင်းသမီးအား ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့သည်။

ဆည်းပူးသင်ယူ

သီရိဒ္ဓုံမင်းသမီးသည် ခရီးသွားလာခြင်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုရေးသားခြင်း၊ ထိုင်းဂီတ၊ အက စသည်တို့တွင် ဝါသနာထုံသည်။ သီရိဒ္ဓုံမင်းသမီးသည် ပါဠိ၊ သက္ကတ၊ ကမ္ဘောဒီးယားဘာသာစကားတို့အပြင် အင်္ဂလိပ်၊ ပြင်သစ်ဘာသာစကားတို့ကိုလည်း တတ်ကျွမ်းသည်။ တရုတ်၊ ဂျာမန်နှင့် လက်တင်ဘာသာတို့ကိုလည်း ဆည်းပူး သင်ယူလျက်ရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီ ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

အဆိုပါ ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Bansarn Bunnag နှင့် ဇနီး၊ ထိုင်းနိုင်ငံသံရုံးမှ ကြည်း၊ ရေ၊ လေ စစ်သံမှူးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Bansarn Bunnag နှင့် ဇနီးတို့ လိုက်ပါလျက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူတစ်ဦးက အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မုခ်ဦးအဝင်၌ အမျိုးသားဥယျာဉ်တည်နေရာပြ မြေပုံဖြင့် ဥယျာဉ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်နယ်နှင့် တိုင်းများ တည်ရှိပုံနှင့် ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ကြည့်ရှုလေ့လာ

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း ပြသထားသည့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ နေပြည်တော်၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၏ ပြကွက်များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုလေ့လာကြသည်။

ရှင်းလင်း

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နက္ခတ်တာရာပြခန်း (နေပြည်တော်)သို့ ရောက်ရှိရာ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး နက္ခတ်တာရာပြခန်းအတွင်းရှိ ပိတ်ကားခုံးခန်းမ၌ နက္ခတ်တာရာပြခန်း၏ တည်နေရာ၊အကျယ်အဝန်း၊ တိရစ္ဆာန်ဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့် ပြကွက်များ ပြသထားရှိမှု၊ ထိုင်းနိုင်ငံမှ လှူဒါန်းသည့် ပင်ဂွင်ငှက်ရရှိမှု အခြေအနေနှင့် အများပြည်သူများ လာရောက်လေ့လာမှု အခြေအနေတို့ကို ရှင်းလင်းကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ပင်ဂွင်ငှက်ပြခန်းအတွင်း ကြည့်ရှုလေ့လာကြပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော် ဝန်ကြီးဌာနရုံးများ၊ သမ္မတအိမ်တော် အဆောက်အအုံနှင့် ပြည်သူ့လွှတ်တော် အဆောက်အအုံ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများ၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်း ဗဟိုဌာန တည်ဆောက်ပြီးစီးမှု၊ နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေးနှင့် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ ရောက်ရှိရာ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီးက ကျောက်မျက်ရတနာပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ပြတိုက်အောက်ထပ်၌ ကျောက်မျက်ရတနာ ကုမ္ပဏီများက ရောင်းချလျက်ရှိသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။

ဖောဓိပင်စိုက်ပျိုး

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီးက ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မာလိနီမင်္ဂလာရေကန်တော်အနီး သတ်မှတ်နေရာ၌ အထိမ်းအမှတ်ဖောဓိပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာကျောက်စိမ်းရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံမင်းသမီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ပြတိုက် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ မင်းသမီးအား စေတီတော် ဂေါပကအဖွဲ့က စေတီတော် မှတ်တမ်းစီဒီနှင့် ဗုဒ္ဓဖြစ်စဉ်တော် မှတ်တမ်းစာအုပ်တို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။ **(သတင်းစဉ်)**

Gati Coast To Coast သင်္ဘောလိုင်း နှစ်ပတ်လည် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

Gati Coast To Coast သင်္ဘောလိုင်းကုမ္ပဏီ၏ 5th Anniversary Celebrations အခမ်းအနားကို မတ် ၁၃ရက် ည ၇ နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Gati Coast To Coast သင်္ဘောလိုင်းကုမ္ပဏီ President Mr.T.Kumaran နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဦးဇော်ဝင်း(Overseas Marine Engineering Co.,Ltd, Managing Director) နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဆီမီးတိုင်ထွန်းညှိ (Diya Lighting) ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ Capt.Rajiv Bhandar **(အပေါ်ပုံ)**က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ဖျော်ဖြေမှု အစီအစဉ်များဖြင့် တင်ဆက်ပြီး ဧည့်ပရိသတ်တို့အား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပထမဦးဆုံးပြေးဆွဲ

အဆိုပါ Gati Coast To Coast သင်္ဘောလိုင်းသည် Yangon-Chennai (India) ကွန်တိန်နာ (Container) ခရီးစဉ်ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပြေးဆွဲသော ကွန်တိန်နာ သင်္ဘောလိုင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၁၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကမ္ဘာ့အကြီးဆုံးရေနံတင်သင်္ဘောများ ဆိုက်ကပ်နိုင်သည့်ဆိပ်ကမ်းကို ကျောက်ဖြူမြို့နယ်တွင် တည်ဆောက်လျက်ရှိ၊ ရန်ကုန်ရောက် ရေပေါ်ဂေဟာ ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောကြီးတွင် လွှင်မိုး၏ ဓာတ်ပုံများကို ဒုတိယအကြိမ်ပြသ၊ နေပြည်တော်မှ ကျောက်စိမ်းပြပွဲခန်းမကြီး တည်ဆောက်ပြီးစီးတော့မည်၊ ဗီယက်နမ်က မြန်မာနိုင်ငံ၌ ဘဏ်ဖွင့်မည်၊ ယခုနှစ် နေပြည်တော်သင်္ကြန် အထူးစည်ကားမည်၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ယာဉ်မောင်းလိုင်စင်ကတ်အသစ်ကို စတင်လဲလှယ်ပေးနေပြီ၊ ၁၃ထပ်ဇိမ်ခံသင်္ဘောကြီးဖြင့် သင်္ကြန်ကာလတွင် နိုင်ငံစုံမှ ကျွန်းများသို့ ပြေးဆွဲမည်၊ အိန္ဒိယမှ ကမ္ဘာလှည့် အနုပညာပွဲတော်ကြီး၌ မြန်မာရုပ်သေးအဖွဲ့ သုံးနှစ်ကြာဖျော်ဖြေမည်၊ ရခိုင်ရိုးမ၏ အဓိကလမ်းမကြီးဖြစ်သော တောင်ကုတ်တောင်ကြားလမ်းကို အဆင့်မြှင့်မည်၊ ကေတုမတီ နှစ် (၅၀၀)ပြည့် ပွဲတော်ကြီးကျင်းပမည်၊ အီတလီ၊ ပြင်သစ်နှင့် စင်ကာပူတွင် ချမ်းချမ်းက နိုင်ငံတကာ မော်ဒယ်လ်အဖြစ် သွားရောက်လုပ်ကိုင်မည်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ သုံးထပ်တိုက်ဟောင်းပြိုကျရာ တစ်ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာရ၊ အသက် ၁၀၁နှစ်ရှိ အဘွားအို၏ နဖူး၌ ချိုပေါက်လာ၊ ကိုယ်ဝန်ရှိမှန်းသိပြီး သုံးနာရီအကြာတွင် ကလေးမွေးဖွား၊ ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ် အမေရိကန် နိုင်ငံသားမဟုတ်သူ ကမ္ဘာ့အချမ်းသာဆုံးဖြစ်လာ၊ မိခင်နို့ရည်ကို ဒိန်ခဲအဖြစ် ပြုလုပ်ရောင်းချ၊ ဟောတီနှင့် ချီလီငလျင်ဒဏ် နှစ်ခုစလုံးကို ကြုံရသော်လည်း သေကံမရောက်သည့် မိသားစု၊ နှလုံးတစ်ခုသာပါသည့် ရင်ချင်းဆက်အမွှာနှစ်ဦးအနက် တစ်ဦးသာ ရှင်သန်ခွင့်ရတော့မည်၊ ချီလီငလျင်ကြောင့် မြို့ကြီးတစ်မြို့လုံး ၁၀ပေ ရွေ့လျားသွား၊ ရောမ ပင်လယ်ကူးသင်္ဘောကြီးက ဘေးတစ်ဖက်တစ်ချက်၌ နှစ်ပေသာလွတ်သော လမ်းကျဉ်းမှ ထွက်ခွာရ၊ ဘတ်စ်ကားအတွင်းသို့ ဝင်ရောက်သွားသည့် ဆိုင်ကယ်၊ ရောမမြို့ပြင်တွင် ဗုံးဟောင်းကြီးတစ်လုံး တွေ့ရှိရ၍ လူပေါင်း ၄၀၀၀ကို အရေးပေါ် ရွှေ့ပြောင်းခဲ့ရ၊ အိမ်ရှေ့ရှိ စာတိုက်သို့ လမ်းဖြတ်ကူးရန် ၁၄ မိုင် ဘတ်စ်ကားစီးနေရသူ၊ အော်စကာဆုရ ဆွဲဆောင်မှုအရှိဆုံး မင်းသမီး ၁၀ဦးစသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရိုမေးနီးယားနိုင်ငံ ဘူခါယက်စ်မြို့ အနောက်မြောက်ပိုင်းရှိ ဖာဂါရာ တောင်ကြားဒေသ၌ တည်ဆောက်ထားသည့် ရေခဲဟိုတယ်ကို မတ် ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျော်ဒန်ဘုရင်နှင့် ရုရှားသမ္မတ အရှေ့အလယ်ပိုင်းအရေး ဆွေးနွေး

မော်စကို မတ် ၁၅

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် မော်စကိုမြို့သို့ရောက်ရှိနေသော ဧည့်သည်တော် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂နှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလမ်းစဉ်နှင့်ပတ်သက်၍ အဓိကထားဆွေးနွေးကြသည်ဟု ဆိုသည်။

ဖော်ပြ

မိမိတို့နိုင်ငံများသည် ဒေသဆိုင်ရာ ပြဿနာများကို ဖြေရှင်းရမည့်တာဝန် ကြီးမားစွာရှိနေကြောင်း၊ အရှေ့အလယ်ပိုင်းပြဿနာနှင့်ပတ်သက်၍ မိမိတို့တာဝန် ကြီးမားသည်ကို ပေါ်လွင်အောင်ပြသလိုကြောင်းဖြင့် ရုရှားသမ္မတက ဂျော်ဒန်ဘုရင်ကိုပြောကြားသည်ဟု ရုရှားသတင်းဌာနများက ကိုးကားဖော်ပြသည်။

လုပ်ငန်းတာဝန်

နှစ်နိုင်ငံစီးပွားရေးစီမံကိန်းကိစ္စများ အပါအဝင် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုတို့သည် အဓိကလုပ်ငန်းတာဝန်များဖြစ်ကြောင်း မက်ဗီဒက်ဗ်ကပြောကြားသည်ဟုလည်း ဖော်ပြထားသည်။

တိုးတက်ကောင်းမွန်

ဂျော်ဒန်ဘုရင်ကလည်း ၎င်းတို့နှစ်နိုင်ငံဆက်ဆံရေး တစ်နေ့တခြား တိုးတက်ကောင်းမွန်လာကြောင်း၊ နှစ်နိုင်ငံစလုံးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေကြကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ် တိုက်လေယာဉ်သစ်များ ဗင်နီဇွဲလား စမ်းသပ်ပျံသန်း

ကရာကတ်စ် မတ် ၁၅

ဗင်နီဇွဲလားအစိုးရသည် မူးယစ်နှိမ်နင်းရေးနှင့်ကာကွယ်ရေးအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသော လေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ်ခြောက်စင်းကို စမ်းသပ်ပျံသန်းခဲ့ကြောင်း အင်တာနက်သတင်းတွင် မတ် ၁၅ရက်၌ ဖော်ပြသည်။

မှာယူ

ဗင်နီဇွဲလားအစိုးရအနေဖြင့် ကေ-၈ တိုက်လေယာဉ်များ ဘရာဇီးနိုင်ငံမှ ဝယ်ယူရေးအစီအစဉ် ပျက်ပြားခဲ့ပြီးနောက် တရုတ်နိုင်ငံမှ ကေ-၈တိုက်လေယာဉ် ၁၈ စင်းကို မှာယူခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံမှ ရေဒါများကိုလည်း ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံမှ ဒေါ်လာလေးဘီလီယံခန့်တန်ဖိုးရှိသော လက်နက်များကိုလည်း ဝယ်ယူထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

အိန္ဒိယ၌ နျူကလီးယားဓာတ်ပေါင်းဖို ရုရှားတည်ဆောက်ပေးမည်

နယူးဒေလီ မတ် ၁၅

နျူကလီးယားပူးပေါင်းဆောင်ရွက်ရေးစာချုပ်အရ ရုရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ လောင်စာနှင့်စွန့်ပစ်ပစ္စည်းကို ဖြည့်ဆည်းပေးမည်ဖြစ်သည်ဟု ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်ကပြောကြားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တွေ့ဆုံ

အိန္ဒိယနှင့်ပြုလုပ်ထားသည့် နျူကလီးယားစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် ဓာတ်ပေါင်းဖိုဆောက်ရန်၊ လောင်စာနှင့် စွန့်ပစ်ပစ္စည်းဖြည့်ဆည်းပေးရန်ကိစ္စတို့ပါဝင်သည်ဟု ပူတင်က အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

နျူကလီးယား လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် ရုရှားနှင့်အိန္ဒိယအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အလားအလာရှိသည်ဟု မိမိထင်မြင်ကြောင်း ပူတင်က အိန္ဒိယသို့အလည်အပတ်ရောက်ရှိစဉ် ပြောကြားသည်။ **(အင်တာနက်)**

ချီလီ ပြန်လည်တည်ဆောက်ရေး နိုင်ငံတကာအကူအညီနှင့်ချေးငွေကမ်းလှမ်း

စန်တီယာဂို မတ် ၁၅

မကြာမီက ငလျင်ဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် ချီလီနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာဘီလီယံ၃၀ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း ချီလီသမ္မတ ဆီဘားရှင်းပင်နာရာက မတ်၁၂ရက်၌ ပြောကြားသည်။

ကမ်းလှမ်း

အဆိုပါအင်အားပြင်းငလျင်ကြောင့် ပြန်လည်တည်ဆောက်ရေးစီမံကိန်းများအတွက် အခြားသောနိုင်ငံများ၏အကူအညီနှင့် နိုင်ငံတကာမှချေးငွေများကိုရယူရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း ချီလီသမ္မတက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ကျင်းပသည့် အိမ်သုံးပရိဘောဂပစ္စည်းများပြပွဲကို မတ် ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဆီယံအနုပညာပြပွဲ ဂျကာတာမြို့၌ပြသ

ဂျကာတာ မတ် ၁၅

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အတွင်းရေးမှူးချုပ်ရုံးသည် အာဆီယံဒေသ၏ ယဉ်ကျေးမှုကြွယ်ဝခြင်းနှင့် ယဉ်ကျေးမှုမျိုးစုံတို့အား ပိုမိုသိရှိ သဘောပေါက်စေရန် ရည်ရွယ်၍ အကောင်းဆုံးအာဆီယံအနုပညာပြပွဲကို မတ် ၁၁ရက်က စတင်ဖွင့်လှစ်ကျင်းပသည်ဟု ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

ပါဝင်ဆောင်ရွက်

ယင်းပြပွဲ၏ရည်မှန်းချက်တစ်ရပ်မှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးစိုက်ရာ ဂျကာတာမြို့၏ ပါဝင်ဆောင်ရွက် နေသည့် အရေးကြီးသည့်အခန်းကဏ္ဍကို သိရှိကြရန်လည်း ဖြစ်ကြောင်း သိရသည်။

ယဉ်ကျေးမှု

အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ် ဦးဆောင်ကျင်းပသည့်ပြပွဲဖြစ်ပြီး ယင်းပြပွဲတွင် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုမျိုးစုံတို့ကို ပြသထားသည်။ ပြပွဲတွင် ဧည့်သည် ၄၀၀ကျော် လာရောက်ကြကြောင်း၊ မလေးရှားတေးဂီတများ၊ ကခုန်သီဆိုမှုများဖြင့် ဖျော်ဖြေကြောင်းလည်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ



သဘောတူစာချုပ် ၁၉ခု အိန္ဒိယနှင့်ရုရှား ချုပ်ဆို

နယူးဒေလီ မတ် ၁၅

ရုရှားနှင့်အိန္ဒိယတို့သည် အိန္ဒိယရေတပ်အတွက် အမေရိကန်ဒေါ်လာ ၂ဒသမ၃၄ဘီလီယံ တန်ဖိုးရှိ အက်မေရယ်ဂေါ့ရှ်ကော့အမည်ရှိ လေယာဉ်တင်သင်္ဘော ဝယ်ယူရေးစာချုပ်တစ်ရပ်နှင့် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံတန်ဖိုးရှိ အမ်အိုင်ဂျီ-၂၉ကေအမျိုးအစား၊ လေယာဉ်တင်သင်္ဘောအခြေစိုက် ဂျက်တိုက်လေယာဉ်၂၉စင်း ဝယ်ယူရေးစာချုပ်တစ်ရပ် အပါအဝင် သဘောတူစာချုပ်၁၉ခုကို မတ် ၁၂ရက်က လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြသည်ဟု သတင်းရရှိသည်။

ပါဝင်

အလားတူ မြို့ပြဆိုင်ရာနျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ချုပ်ဆိုသည့် နျူကလီးယားဆိုင်ရာစာချုပ်နှစ်ရပ်နှင့် မြို့ပြဆိုင်ရာအာကာသလေ့လာရေးအစီအစဉ်အရ ချုပ်ဆိုသည့်စာချုပ်တစ်ရပ်တို့လည်း ပါဝင်သည်။

ယင်းစာချုပ်များကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် နယူးဒေလီမြို့သို့ ရောက်ရှိနေသော ဧည့်သည်တော် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်တို့ရှေ့မှောက်တွင် ချုပ်ဆိုကြခြင်းဖြစ်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မူးယစ်ဆက်နွှယ်သည့် အကြမ်းဖက်မှုကြောင့် မက္ကဆီကို၌ ၁၃ဦးသေဆုံး

မက္ကဆီကိုစီးတီး မတ် ၁၅

မက္ကဆီကိုနိုင်ငံ အက်အာပါလ်ကို အပန်းဖြေမြို့၌ မတ် ၁၃ရက်က မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် အကြမ်းဖက်မှုကြောင့် ၁၃ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်

အဆိုပါသေဆုံးသူများတွင် ခေါင်းဖြတ်ခံရသော အရပ်သားလေးဦးနှင့် ရဲတပ်ဖွဲ့ဝင်ငါးဦးပါဝင်သည်ဟုဆိုသည်။ မူးယစ်ဆေးဝါးဂိုဏ်းများသည် မက္ကဆီကိုမြောက်ပိုင်းမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ မူးယစ်မှောင်ခိုတင်သွင်းရာတွင် ၎င်းတို့၏အကျိုးစီးပွားအတွက် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

လာဟိုး၌ အသေခံပုံးခွဲတိုက်ခိုက်မှု ၄၅ဦးထက်မနည်း သေဆုံး

လာဟိုး မတ် ၁၅

ပါကစ္စတန်စစ်ဘက်ကို ပစ်မှတ်ထားတိုက်ခိုက်သော အသေခံဗုံးဖောက်ခွဲမှုများကြောင့် လာဟိုးမြို့၌ မတ် ၁၃ရက်က ၄၅ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ပါကစ္စတန်အစိုးရအရာရှိများက ပြောကြားသည်။ ပါကစ္စတန်အစိုးရ၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်နှိမ်နင်းမှုကြောင့် အစိုးရကို အာခံတိုက်ခိုက်နေသော တာလီဘန်စစ်သွေးကြွများ အားအင်ချည့်နဲ့နေပြီဖြစ်သည်ဟု သိရသည်။

ပြောကြား

ယင်းအသေခံဗုံးခွဲသူများသည် ခြေကျင်လျှောက်လာကြခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ တာရစ်ဆာလင်ဒိုဂါက သတင်းထောက်များအား ပြောကြားသည်။

ဒဏ်ရာရ

ယခုနှစ်အတွင်း အိန္ဒိယနှင့် နယ်ချင်းဆက်နေသော အိမ်နီးချင်းလာဟိုးမြို့၌ သွေးချောင်းစီးဖြစ်ပွားခဲ့သည့်တိုက်ပွဲများ၌ သေဆုံးခဲ့ရသူများတွင် ပါကစ္စတန်တပ်ဖွဲ့ဝင်ကိုးဦးပါဝင်ပြီး အရပ်သား ၁၀၀ နီးပါး ဒဏ်ရာရရှိသည်ဟု စစ်ဘက်အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကွမ်ကျို့ပြည်နယ် ကျိုယန်းမြို့ရှိ ဆောက်လုပ်ဆဲ နိုင်ငံတကာညီလာခံနှင့် ပြပွဲအဆောက်အအုံ ပြိုကျမှုဖြစ်ပွားသည်ကို မတ် ၁၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဟောင်ကောင်၌ A(H1N1) ဖြင့် ထပ်မံသေဆုံး

ဟောင်ကောင် မတ် ၁၅

ဟောင်ကောင်၌ A(H1N1)တုပ်ကွေးရောဂါ ထပ်မံသေဆုံးသဖြင့် ယင်းရောဂါဖြင့်သေဆုံးသူအရေအတွက် စုစုပေါင်း ၇၄ဦးရှိသွားပြီဖြစ်ကြောင်း ဟောင်ကောင်ကျန်းမာရေးအာဏာပိုင်များက မတ် ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။

ရောဂါလက္ခဏာ

အသက်(၈၁)နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးသည် တုပ်ကွေးရောဂါလက္ခဏာကြောင့် ပြည်နယ်ဆေးရုံသို့တင်လိုက်ရကြောင်း၊ ဆေးရုံတင်လိုက်ချိန်တွင် အဆိုပါအဘွားအိုသည် နာတာရှည်ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါပါ ရှိနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ဆိုဗီယက်-ဂျပန် ကြားနေရေးသဘောတူစာချုပ်

တိုး ရေးသားသည်

ဂျပန်-ဆိုဗီယက်မကျူးကျော်ရေး သဘောတူစာချုပ်ဟူ၍ ပိုမိုလူသိများသည့် ဆိုဗီယက်-ဂျပန် ကြားနေရေး သဘောတူစာချုပ်မှာ ၁၉၄၁ခုနှစ်တွင် ဂျပန်ဘုရင့်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား ချုပ်ဆိုသည့် သဘောတူစာချုပ်ဖြစ်သည်။ ဆိုဗီယက်-ဂျပန် နယ်စပ်စစ်ပွဲ ၁၉၃၉ခုနှစ်တွင် ခေတ္တမျှဖြစ်ပွားအပြီး နှစ်နှစ်အကြာ၌ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုလိုက်ကြခြင်းဖြစ်သည်။

၁၉၃၉ခုနှစ် စက်တင်ဘာလတွင် ဥရောပတိုက်အတွင်း၌ နာဇီဂျာမနီနှင့် ပိုလန်၊ယူကေ(ဗြိတိန်)၊ပြင်သစ်တို့အကြား အတွေ့ထွေ စစ်ပွဲစတင်ခြင်းနှင့်အတူ ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် ယင်း၏အနောက်ပိုင်းဥရောပအခြမ်းရှိ ပိုင်နက်နယ်မြေအပေါ် ပိုမိုခြိမ်းခြောက်လာမှုကို အာရုံစိုက်ရန်အလို့ငှာ အရှေ့ဖျားဒေသနှင့် သံခင်းတမန်ခင်း ဆက်ဆံမှုများကို ပြုပြင်ရန်လိုအပ်လာသည်။

ပိုမိုဆိုးရွား

အခြားတစ်ဖက်တွင် တရုတ်ပြည်နှင့် မဆုံးနိုင်သောစစ်ပွဲအတွင်း နစ်မြုပ်နေဟန်ရှိပြီး အမေရိကန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး လျင်မြန်စွာ ပိုမိုဆိုးရွားလာသည့် ဂျပန်နိုင်ငံအဖို့ ယင်း၏ နိုင်ငံတကာရပ်တည်ချက် တိုးတက်ခိုင်မာရေးနှင့် မြောက်ဘက်နယ်စပ်ရှိ မန်ချူးကိုးကို ဆိုဗီယက်တို့မကျူးကျော်မဝင်ရောက်လာစေရေးအတွက် ဆိုဗီယက်ပြည်ထောင်စုနှင့် သင့်မြတ်အောင် ကြိုးပမ်းလာရသည်။

ဆိုဗီယက်ပြည်ထောင်စု ဆိုဗီယက်ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဂျပန်ဧကရာဇ်တို့က နှစ်နိုင်ငံငြိမ်းချမ်းချစ်ကြည်စွာ ဆက်ဆံမှုခိုင်မြဲရန် ဆန္ဒရှိသည်နှင့်အညီ ကြားနေရေးသဘောတူစာချုပ် ချုပ်ဆိုရန် ဆုံးဖြတ်လိုက်ကြသည်။ ယင်းအတွက် ဆိုဗီယက်ဦးစီးကော်မတီဥက္ကဋ္ဌက ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဗိုင်ယာချက်စလက်မီခေးလ်လိုဗစ်မိုလိုတော့အားလည်းကောင်း၊ ဂျပန်ဧကရာဇ်က ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုဆူကီမတ်ဆူကိုကာနှင့် ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာ ဂျပန်သံအမတ်ကြီး ယိုရှီဆူဂူတာတီကာဝါတို့အားလည်းကောင်း ကိုယ်စားလှယ်လွှဲအပ်တာဝန်ပေးလိုက်သည်။

ကတိပြု

နှစ်နိုင်ငံကြားနေရေး သဘောတူစာချုပ်၏အပိုဒ်ခွဲ(၁)တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ငြိမ်းချမ်းစွာ ဆက်ဆံရေးနှင့်တကွ တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် ထာဝရတည်မြဲမှုကို အခြားတစ်နိုင်ငံက အပြန်အလှန်လေးစားရေးတို့ကို ထိန်းသိမ်းရန် နှစ်နိုင်ငံစလုံးက ကတိပြုကြသည်။

စာချုပ်အပိုဒ်ခွဲ(၂)တွင် မိမိတို့နှစ်နိုင်ငံအနက် တစ်နိုင်ငံကို အခြားသောအင်အားကြီးတစ်နိုင်ငံ သို့မဟုတ် သုံး၊လေးနိုင်ငံကစစ်ပြုလျှင် ကျန်တစ်နိုင်ငံက ကြားနေရမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

စာချုပ်အပိုဒ်ခွဲ(၃)တွင် လက်ရှိသဘောတူစာချုပ်သည် စာချုပ်ဝင်နှစ်နိုင်ငံက အတည်ပြုသည့်ရက်မှစ၍ အာဏာတည်စေရမည်။ စာချုပ်သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ စာချုပ်သက်တမ်းမကုန်မီ တစ်နှစ်အလိုတွင် မည်သည့်နိုင်ငံကမျှ သဘောတူစာချုပ်ကို မရုပ်သရွေ့ ယင်းစာချုပ်သည် နောက်ထပ်ငါးနှစ်သက်တမ်းအတွက် အလိုလို အာဏာတည်စေမည်ဖြစ်သည်ဟုလည်း ဖော်ပြပါရှိသည်။

ဤဆိုဗီယက်-ဂျပန် ကြားနေရေးသဘောတူစာချုပ်ကို ၁၉၄၁ ခုနှစ် ဧပြီ ၁၃ ရက်တွင် မော်စကိုမြို့၌ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး မိုလိုတော့၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုဆူကီမတ်ဆူကိုကာနှင့် ဂျပန်သံအမတ်ကြီး ယိုရှီဆူဂူတာတီကာဝါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနေ့တွင်ပင် ထိုပုဂ္ဂိုလ်များက မွန်ဂိုလီးယားနှင့်မန်ချူးရီးယားတို့နှင့်ဆိုင်သည့် ကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ ဂျပန်နိုင်ငံဘက်က မွန်ဂိုလီးယားပြည်သူ့သမ္မတနိုင်ငံ၏နယ်မြေတည်တံ့ရေးနှင့် ထာဝရတည်မြဲမှု လေးစားရပါမည်ဟု အာမခံစဉ်မှာပင် ဆိုဗီယက်ပြည်ထောင်စုက မန်ချူးကိုး၏နယ်မြေတည်တံ့ရေးနှင့် ထာဝစဉ်တည်မြဲမှုကို လေးစားလိုက်နာပါမည်ဟု ကတိပြုလိုက်သည်။

မော်စကိုမြို့တော်၌ ၁၉၄၁ခုနှစ် ဧပြီ ၁၃ရက်က ဆိုဗီယက်-ဂျပန် ကြားနေရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြစဉ်။

ဆုံးဖြတ်ချက်

၁၉၄၁ခုနှစ်နောက်ပိုင်းတွင် ဂျပန်နိုင်ငံက ဆိုဗီယက်-ဂျပန် ကြားနေရေးသဘောတူစာချုပ်ရုပ်စဲရေးကို စဉ်းစားသည်။ အထူးသဖြင့် နာဇီဂျာမနီက ဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်ဝင်ရောက်ပြီးနောက် စဉ်းစားသည်။ သို့သော် ယင်းကို ဆက်လက်ထိန်းထားပြီး သဘောတူစာချုပ်ရုပ်စဲမည့်အစား အရှေ့တောင်အာရှရှိ ဥရောပကိုလိုနီများကို ကျူးကျော်သိမ်းပိုက်ရေး အရေးပါသည့် ဆုံးဖြတ်ချက်ကို ချမှတ်ကျင့်သုံးသည်။

၁၉၄၅ခုနှစ် ဧပြီ၅ရက်တွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဗီအမ်မိုလိုတော့က ဂျပန်သံအမတ်ကြီးဆာတိုအား ခေါ်ယူပြီးနောက် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

ချုပ်ဆိုခဲ့

ဆိုဗီယက်အစိုးရ၏ကြေညာချက်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့အကြား ကြားနေရေးသဘောတူစာချုပ်ကို ၁၉၄၁ ခုနှစ် ဧပြီ ၁၃ ရက်က ချုပ်ဆိုခဲ့ကြောင်း၊ ယင်းမှာ ဆိုဗီယက်ပြည်ထောင်စုကို ဂျာမနီကမတိုက်ခိုက်မီနှင့် ဂျပန်ကတစ်ဖက်၊ ဗြိတိန်နှင့်အမေရိကန်တို့ကတစ်ဖက်ဖြစ်ပွားသော စစ်မစတင်မီက ဖြစ်ကြောင်း၊ထိုအချိန်မှစ၍ အခြေအနေသည်အခြေခံမှစပြီးပြောင်းလဲသွားပြီဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံက ဆိုဗီယက်ပြည်ထောင်စုကို တိုက်ခိုက်ပြီး ဂျာမနီ၏ မဟာမိတ်ဂျပန်နိုင်ငံက ဆိုဗီယက်ပြည်ထောင်စုကို တိုက်ခိုက်သည့်စစ်ပွဲတွင် ပံ့ပိုးကူညီနေကြောင်း၊ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စု၏ မဟာမိတ်များဖြစ်ကြသည့် အမေရိကန်နှင့်ဗြိတိန်ကို ဂျပန်က တိုက်ခိုက်နေခြင်းပင်ဖြစ်ကြောင်း၊ ဤအခြေအနေများတွင် မိမိတို့နှစ်နိုင်ငံချုပ်ဆိုခဲ့သည့် ကြားနေရေးသဘောတူစာချုပ်၏ သဘောတရားများလည်း ကင်းမဲ့သွားပြီး စာချုပ်သက်တမ်းရှည်ရန် မဖြစ်နိုင်တော့ကြောင်း ဖော်ပြထားသည်။

ပျက်ပြား

နာဇီဂျာမနီကျဆုံး၍ အရှုံးပေးပြီးနောက် စစ်ပွဲဆက်လက်ဆင်နွှဲရန် ဂျပန်နိုင်ငံသည် တစ်ခုတည်းသော အင်အားကြီးနိုင်ငံဖြစ်လာသည်။ ဂျပန်စစ်တပ်များခြွင်းချက်မရှိ လက်နက်ချရန် ဇူလိုင် ၂၆ရက်တွင် အမေရိကန်၊ဗြိတိန်နှင့် တရုတ်အင်အားကြီးသုံးနိုင်ငံက တောင်းဆိုသည်ကို ဂျပန်ကလက်မခံဘဲ ပယ်ချသည်။ သို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် အရှေ့ဖျားစစ်ပွဲတွင် ကြားဝင်ဖြေရှင်းပေးရန် ဂျပန်အစိုးရ၏အဆိုပြုချက်မှာ ပျက်ပြားသွားခဲ့ရသည်။

စစ်ကြေညာ

ဂျပန်ကျူးကျော်မှုစစ်ပွဲတိုက်ဖျက်ရေးတွင် ဆိုဗီယက်ပြည်ထောင်စုပါဝင်ရေး မဟာမိတ်နိုင်ငံများ၏ အဆိုပြုချက်များကို ဆိုဗီယက်အစိုးရကလက်ခံပြီး ဂျပန်ကို စစ်ကြေညာခဲ့တော့သည်။ ။

ကိုးကား-အင်တာနက်

ဂျပန်ကျူးကျော်မှုစစ်ပွဲ တိုက်ဖျက်ရေးတွင် ဆိုဗီယက်ပြည်ထောင်စုပါဝင်ရေး မဟာမိတ်နိုင်ငံများ၏ အဆိုပြုချက်များကို ဆိုဗီယက် အစိုးရက လက်ခံပြီး ဂျပန်ကို စစ်ကြေညာခဲ့။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ယီမင်ကမ်းလွန်၌ အီရန်သင်္ဘောဖမ်းဆီးခံရ

ယီမင်နိုင်ငံတောင်ပိုင်း ဟာဒရာမတ်ပြည်နယ် ကမ်းလွန်ရေပိုင်နက်အတွင်း တရားမဝင် ဖြတ်သန်းဝင်ရောက်လာသော အီရန်သင်္ဘောတစ်စင်းကို ယီမင်ရေတပ်က မတ် ၁၅ရက်၌ ဖမ်းဆီးလိုက်ကြောင်း ယီမင်စစ်ဘက်အရာရှိများက ပြောကြားသည်။

တရုတ်၌ ဆီးနှင်းများထူထပ်စွာကျဆင်း၍ လေယာဉ်ခရီးစဉ်များနှောင့်နှေး

တရုတ်နိုင်ငံမြောက်ပိုင်း၌ ဆီးနှင်းများအဆက်မပြတ် ထူထပ်စွာကျဆင်းနေမှုကြောင့် မတ် ၁၅ရက်က လေယာဉ်ခရီးစဉ်များ ပုံမှန်အချိန်အတိုင်း မပျံသန်းနိုင်ဘဲ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ အချို့လေဆိပ်များ၌ ခရီးသည်များ အချိန်ကြာမြင့်စွာ သောင်တင်ခဲ့ရကြောင်း တရုတ်အရာရှိများက မတ်၁၅ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ဂျပန်မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဂျပန်နိုင်ငံမြောက်ပိုင်း ဖူကူရှီမားစီရင်စုအရှေ့ဘက် ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ဒသမ၆အဆင့်ရှိသည့် ငလျင် မတ် ၁၅ရက် နံနက်က လှုပ်သွားကြောင်း၊ ယင်းငလျင်ကြောင့် တိုကျိုမြို့၊ တိုချီဂီမြို့နှင့် အိုင်ဝါတီမြို့တို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း ဂျပန်အရာရှိများက မတ် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ မတ် ၁၅ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၀၄ ဒသမ ၇၈ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဗင်နီဇွဲလားက တရုတ်သို့ ရေနံပိုမိုတင်ပို့မည်

တရုတ်နိုင်ငံ၏စွမ်းအင်သုံးစွဲမှု လိုအပ်ချက်အရ ဗင်နီဇွဲလားနိုင်ငံက တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ဒသမ၈သန်းကို တင်ပို့ပေးသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မတ် ၁၅ရက်၌ ပြောကြားသည်။

ဆူဒန်၌ ပြင်သစ်အလုပ်သမားနှစ်ဦး ပြန်လွှတ်ပေး

ဆူဒန်နိုင်ငံအနောက်ပိုင်းဒေသ၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၂ရက်က ဖမ်းဆီးခံခဲ့ရသော ပြင်သစ်နိုင်ငံမှ နိုင်ငံတကာအကူအညီပေးရေး အလုပ်သမားနှစ်ဦးကို ဆူဒန်လက်နက်ကိုင်များက မတ် ၁၅ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။

ဖီဂျီမြောက်ပိုင်း၌ မုန်တိုင်းဝင်ရောက်မွှေနှောက်

ဖီဂျီနိုင်ငံမြောက်ပိုင်းဒေသသို့ တစ်နာရီလျှင် ၁၈၅ကီလိုမီတာနှုန်းဖြင့် မုန်တိုင်း မတ် ၁၅ရက်က ဝင်ရောက်တိုက်ခတ်သွားရာ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဖီဂျီမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် အီဂျစ်နယ်စပ်၌ တံတိုင်းတည်ဆောက်မည်

အစ္စရေးနှင့် အီဂျစ်နယ်စပ်တစ်လျှောက် အရှည်ကီလိုမီတာ ၂၄၀ကို တံတိုင်းတည်ဆောက်ရန် အစ္စရေးအစိုးရက မတ် ၁၅ရက်၌ ခွင့်ပြုလိုက်ကြောင်း၊ တိုက်ခိုက်ရေးသမားများ အဝင်အထွက်မပြုနိုင်အောင် ဟန့်တားခြင်းဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း တာကူရာဂွန်ခရိုင်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၁၁၇၀၀၀အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးအရာရှိများက မတ် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်တွင် မတ် ၁၅ရက် ဈေးပိတ်ချိန်၌ ဂျပန်ယန်းငွေ ၉၀လျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

ပညာရေးအခွင့်အလမ်း တိုးတက်သစ်လွင်လာသော မန္တလေးတိုင်း

သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၅

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ ''ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'' ဟူသော ဆောင်ပုဒ်အတိုင်း ပညာသည်သာလျှင် လူမှုဘ၀ တိုးတက်မှုအဖုံဖုံကို ပေးစွမ်းနိုင်သော ခေတ်ဆီသို့ ရောက်ရှိနေပေပြီ။

ဖြည့်ဆည်းပေး

တပ်မတော် အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါမကျန် စာမတတ်သူ ပပျောက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး စီမံကိန်းများချမှတ်လျက် ပညာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်။

တည်ဆောက်ဖွင့်လှစ်

ဤသို့ ပညာရေးအဆင့်အတန်း မြှင့်တင်ပေးရာတွင် မူလတန်းမှတစ်ဆင့် အခြေခံပညာအထက်တန်းအထိ အခြေခံကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်များ တည်ဆောက်ဖွင့်လှစ်ပေးခြင်းနှင့် ဆရာ ဆရာမများ တိုးချဲ့ခန့်ထားခြင်းစသော ပညာရေးအဆင့် မြှင့်တင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ၂၀၀၉ ခုနှစ် နှောင်းပိုင်းက မန္တလေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာ ပညာရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုကိုလည်း မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆွေနှင့် တွေ့ဆုံကာ စေ့ငုခဲ့သည်။

''ကျေးလက်ဒေသတွေမှာ ပညာသင်ကြားခွင့် ပိုမိုရရှိစေဖို့ မူလတန်းလွန်ကျောင်းတွေ တပ်မတော်အစိုးရလက်ထက်မှာ ဖွင့်လှစ်ပေးခဲ့ပါတယ်''

ဦးအောင်ဆွေ
မန္တလေးတိုင်း ပညာရေးမှူး။

ခန့်ထားပေး

''မန္တလေးတိုင်းမှာ မြို့နယ် ၃၁မြို့နယ် ရှိရာမှာ ၁၉၈၈ခုနှစ် မတိုင်မီက လုံးဝမရှိခဲ့ဖူးတဲ့ မူလတန်းလွန် ကျောင်းတွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်ဒေသနေ ကလေးတွေ ပညာသင်ကြားနိုင်မယ့် အခွင့်အလမ်း ပိုမိုရရှိစေဖို့ ဦးတည်ချက်နဲ့ ဖွင့်လှစ်ပေးခဲ့တာပါ။ ဒါ့အပြင် အထက်တန်းကျောင်းခွဲတွေ၊ မူလတန်းကျောင်းခွဲတွေ၊ အလယ်တန်းကျောင်းခွဲတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးလက်တောရွာတွေမှာ ခန့်ထားပေးပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ပညာရေးဖွံ့ဖြိုးမှုအနေနဲ့ e-Learning Centre တွေ ဖွင့်လှစ်ပြီး ကွန်ပျူတာ၊ တီဗွီ၊ ဗီဒီယို၊ ဒီဗွီဒီတို့ပါတဲ့ 3P စနစ်၊ တီဗွီ၊ ဗီဒီယိုတို့သာပါတဲ့ 2P စနစ်နဲ့ ကက်ဆက်နှင့် အခွေသာပါတဲ့ 1P စနစ်တွေ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်''ဟု မန္တလေးတိုင်းပညာရေးမှူး ဦးအောင်ဆွေက မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

''ဒါ့အပြင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း ကျောင်းနေရန် ခက်ခဲနေတဲ့ ကလေးတွေ ကျောင်းသုံးစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာပစ္စည်း၊ ကျောင်းဝတ်စုံ လိုအပ်နေတဲ့ ကလေးတွေအတွက် နှစ်စဉ် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ကို ကျောင်းအပ်နှံရေးနေ့အခမ်းအနားမှာ ဖြည့်ဆည်းပေးလျက်ရှိပါတယ်''ဟု ဦးအောင်ဆွေက ဆက်လက်ရှင်းပြသည်။

တိုးတက်ခဲ့

မန္တလေးတိုင်းတွင် ၁၉၈၈ခုနှစ်အထိ မူလတန်းကျောင်း ၃၄၁၃ကျောင်း၊ အလယ်တန်းကျောင်း ၁၈၀၊ အထက်တန်းကျောင်း ၇၈ကျောင်းသာ ရှိခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ယနေ့အထိ မန္တလေးတိုင်းအတွင်း မူလတန်းကျောင်း ၄၀၇၇ကျောင်း၊ အလယ်တန်းကျောင်း ၂၃၆ကျောင်း၊ အထက်တန်းကျောင်း ၁၃၅ကျောင်း၊ မူလတန်းလွန်ကျောင်း ၇၂၀၊ အထက်တန်းကျောင်းခွဲ ၁၀၈ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၈၄ကျောင်း၊ အမကခွဲကျောင်း ၂၉ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၁၈ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၁၉ကျောင်း၊ တွဲဖက်မူလတန်းကျောင်း ခုနစ်ကျောင်းအထိ တိုးတက်လာခဲ့သည်။

ဆရာဦးရေ

ထို့အတူ မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ်မတိုင်မီက ဆရာ ဆရာမဦးရေ မူလတန်းပြ ၁၄၃၃၇ဦး၊ အလယ်တန်းပြ ၃၆၆၁ဦး၊ အထက်တန်းပြ ၂၆၅၅ဦးသာ ရှိခဲ့သည်။ ယနေ့အချိန်အခါတွင် မူလတန်းပြ ဆရာ ဆရာမ ၁၈၇၇၇ဦး၊ အလယ်တန်းပြ ၉၄၆၈ဦး၊ အထက်တန်းပြ ၃၆၀၅ဦးအထိ ခန့်ထားပေးနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အဆောက်အအုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တိုက်တွန်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် မန္တလေးတိုင်းအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး တိုက်တွန်းဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်က သူငယ်တန်းကျောင်းဝင်နှုန်း ၆၈ ဒသမ ၄၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၉၇ ဒသမ ၇၆ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။ စာတတ်မြောက်မှုနှုန်းမှာလည်း ၁၉၈၈ ခုနှစ်က ၈၁ ဒသမ ၆၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

အောင်ချက်

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မှာလည်း တိုးတက်ကောင်းမွန်လာခဲ့သည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ၂၁ ဒသမ ၉၉ ရာခိုင်နှုန်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၌ ၂၈ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ၃၂ ဒသမ ၄၂ ရာခိုင်နှုန်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာခဲ့သည်။

မန္တလေးတိုင်းအတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိမှုမှာ ခြောက်ဘာသာဂုဏ်ထူးရှင် ၈ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၈ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၀၉ဦး ရှိရာမှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၇၈ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၆၅ဦး ရှိသည့်အပြင် သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်များလည်း ပိုများပြားလာခဲ့သည်။

မြင့်မားလာ

သို့ဖြစ်ရာ မန္တလေးတိုင်းတွင် ပညာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်ကို မြင်တွေ့နေရပြီဖြစ်သည်။ အထူးသဖြင့် တစ်ချိန်က ပညာသင်ကြားရန် အခွင့်အလမ်း နည်းပါးခဲ့သော ကျေးလက်ဒေသ ကလေးသူငယ်များ အခြေခံပညာသင်ကြားနိုင်ခွင့် ပိုမိုတိုးတက်သစ်လွင်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မန္တလေးမြို့ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေသည်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

အရာတော်မြို့နယ်၌ ဒိုင်နာယာဉ် တိမ်းမှောက်

နေပြည်တော် မတ် ၁၅

မုံရွာမြို့မှ အရာတော်မြို့နယ် ငါးရပိုးကျေးရွာသို့ မောင်းနှင်သော ခရီးသည် ၃၂ဦးနှင့် ကုန်များတင်ဆောင်ထားသည့် တိုယိုတာ ဒိုင်နာယာဉ်သည် မတ် ၁၁ရက် ည ၁၁နာရီခွဲခန့်တွင် မုံရွာ-အရာတော်လမ်း ကျောက္ကာမြောက်ကျေးရွာအုပ်စု စည်သာလမ်းကျေးရွာလမ်းခွဲ ကုန်းတက်အရောက် နောက်ပြန်လျှောကျပြီး တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၂၀ဒဏ်ရာရရှိကာ နှစ်ဦး သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား မုံရွာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းပဒေသာ အတိုအထွာ

မြန်မာ့အလင်း

ရန်ကုန် မတ် ၁၅

စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၄-၆၇ ပညာသင်နှစ် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ပြည်လမ်း ကုန်းမြင့်သာစားတော်ဆက်၌ မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

၁၉၇၈ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 စားသောက်ဆိုင်၌ မတ်၂၀ရက် (စနေနေ့) ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်သည်။

အထက(၅) မင်္ဂလာဒုံ မြတ်ဆရာပူဇော်ပွဲ

အထက(၅) မင်္ဂလာဒုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကွန်ပျူတာနှင့် ဟာ့ဒ်ဝဲလ်သင်တန်းဖွင့်မည်

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများ၏ ပညာရေးနှင့် အလုပ်အကိုင် ရရှိရေးအတွက် ကွန်ပျူတာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကွန်ပျူတာအခြေခံနှင့် ဟာ့ဒ်ဝဲလ်သင်တန်းများကို မတ် ၂၂ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃နှင့် ၀၉-၅၁-၀၃၇၂၅တို့သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

ဂန္ထဝင်ဂီတစာဆို ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် ဂီတဖျော်ဖြေပွဲ

မြန်မာ့တေးဂီတလောက၌ ထင်ရှားကျော်ကြားသော ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေပွဲကို မတ် ၂၁ရက်နှင့် ၂၂ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညနေ ၆နာရီမှစ၍ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဟိုတယ်လုပ်ငန်းရှင်များအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဖုန်း-၃၉၇၂၅၉နှင့် ၀၉-၈၅-၁၅၁၀၆တို့သို့ မတ် ၁၉ရက် နောက်ဆုံးထား ဆက်သွယ်နိုင်သည်။

ဆင်ဖြူကျွန်းအထက မဂ္ဂဇင်းအတွက် စာမူပေးပို့နိုင်

ဆင်ဖြူကျွန်းမြို့ အမျိုးသားကျောင်း ဆင်ဖြူကျွန်းအထက နှစ်(၉၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုနှင့် ဓာတ်ပုံတို့ကို ဖုန်း-၀၉-၆၈-၁၄၀၁၂၊ ၀၁-၇၃၀၀၁၅၅၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းကျင်းပသည့် ပညာရှင်များ ဟောပြောပွဲ (၂/မတ်-၂၀၁၀)ကို မတ် ၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှိုးဆော်ထားသည်။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

16-3 (06).pmd 1 3/16/2010, 2:34 AM



အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် မတ် ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၀)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀)တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်များထံ ပေးအပ်သည်။ အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၇ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ကုန်သည်လမ်းမပေါ်ရှိ သုံးထပ်အဆောက်အအုံပြိုကျမှုဖြစ်ပွားသတင်း ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၂၀)ကို ဖြန့်ချိထားသည်။

ရန်ကုန်မြို့တော်တွင် အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့၌ သကြ်န်မဏ္ဍပ်များဆောက်လုပ်ခွင့်မပြု၊ စင်ကာပူမှာသွားအလုပ်လုပ်ဖို့ကြိုးစားနေပါသလား အရင်တုန်းကလို မချောင်တော့ဘူးနော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့ပေါင်း ၂၆မြို့ကို Domesticနည်းဖြင့် ဝန်ဆောင်မှုပေး၊ ပြည်တွင်းလိုအပ်ချက်အရ ယူနန်ဖက်စပ်လျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ(YUPD) မှ တစ်နေ့ လျှပ်စစ်မဂ္ဂါဝပ် ၂၀၀ ဝယ်ယူဖြန့်ဖြူးပေးနေ၊ ဗဟိုအမျိုးသားသွေးလှူဘဏ် အဆောက်အအုံသစ်ဖွင့်လှစ်မည်၊ စိန်ကျောက်အတုများပြသ၍ ရွှေထည်ပစ္စည်းများ လဲလှယ်လိမ်လည်သူများကိုဖမ်းဆီး၊ သတ်မှတ်ထားသောယာဉ်စီးခနှုန်းပိုမိုတောင်းမည်ဆိုပါက ထိရောက်စွာအရေးယူမည်၊ စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းများ စက်မှုဇုန်များအတွင်းပြောင်းရွှေ့ပါက ရေမီးဆက်သွယ်ရေးပိုမိုတိုးတက်လာမည်၊ ထိုင်းနိုင်ငံမှ မြန်မာရော်ဘာများကိုဝယ်ယူရန်ကမ်းလှမ်း၊ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါကြောင့် သရက်ကန်ကျေးရွာတွင် ဥစားကြက်အချို့ သောင်းနှင့်ချီဖျက်ဆီး၊ ပုံစံသစ်ဘားကုတ်စနစ်သုံး ယာဉ်မောင်းလိုင်စင်ကတ်ပြားများ မတ် ၁၀ရက်မှစတင်၍ လဲလှယ်ပေး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရတည်ရှိသောပါတီများသည် ဆက်လက်တည်ထောင်လိုပါက ရက်ပေါင်း ၆၀အတွင်းလျှောက်ထားရန်လို၊ ဝန်ကြီးဌာနအားလုံးတွင် E-Governmentစနစ် စတင်ကျင့်သုံးတော့မည်၊ မြန်မာအမျိုးသမီးလုပ်သားများ မလေးရှားအလုပ်အကိုင်ရှာဖွေရေးကိုယ်စားလှယ်၏ ရောင်းစားခြင်းခံရ၍အခက်တွေ့နေ၊ လိုင်စင်မဲ့ဆိုင်ကယ်များ ဒဏ်ကြေးငွေ ၂၀ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်၊ ကိုကိုးကျွန်း ရေအောက်ကမ္ဘာကိုလေ့လာမည့် သင်္ဘောခရီးစဉ် မတ်လတွင်ပြေးဆွဲမည်၊ ထားဝယ်မြို့အနီးရှိ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းလုပ်ငန်းစတင်၊ အစ္စရေးက အီရန်ကို ကျောက်ခေတ်သို့ပြန်ရောက်အောင် အဏုမြူဗုံးကြဲရန် အမေရိကန်ဒုတိယသမ္မတ တွန်းအားပေးနေသလား၊ အဗ္ဗဒူလ်မလစ်ရီဂီအားဖမ်းဆီးခဲ့ပုံ အီရန်သူလျှိုတို့ပြသ၊ ဆက်ဒမ်ဟူစိန်၏ ချူကလီးယားအရောင်းကိုယ်စားလှယ်အား အမေရိကန်အစိုးရက ကာကွယ်ပေးခဲ့သည့်သတင်းကို ဝါရှင်တန်ပို့စ်က ဖုံးကွယ်ထားခဲ့စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မန္တလေးမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက် ၈နာရီခွဲတွင် မန္တလေးမြို့အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးသည် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တွေ့ဆုံပြီး မေးခွန်းလွှာနှင့် အဖြေလွှာများ လုံခြုံမှုရှိရေးအတွက် စနစ်တကျဆောင်ရွက်ရန်၊ စာဖြေသူများ စည်းကမ်းနှင့်အညီ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများသို့ သွားရောက်ပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို စည်းကမ်းတကျ စိတ်ချမ်းမြေ့စွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လျှပ်တစ်ပြက်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	ဟာသရုပ်စုံ **သူသိသူတတ်** ချစ်လူလူနှင့်အဖွဲ့ ချစ်ချောနှင့်အဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
	၂၁။	တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂၂)

စေတနာလှိုင် ရေစကြို၏ အိမ်ထောင်ရေးနှင့်အချစ်အတွေးအမြင်

ရန်ကုန် မတ် ၁၅

စေတနာလှိုင် ရေစကြိုရေးသားသော အိမ်ထောင်ရေးနှင့်အချစ်အတွေးအမြင်စာအုပ်ကို စာရေးဆရာအောင်မြတ်ဦး၊ စာရေးဆရာတိုးတက်တို့၏ အမှာစာနှင့်အတူ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ရေးသားတင်ပြထား

အဆိုပါစာအုပ်၌ ကမ္ဘာတည်စနှင့် ကာမဂုဏ်ကိစ္စ၊ ကာမဂုဏ်ဆိုသည်မှာ၊ ကာမရာဂနှိမ်နင်းရေး စိတ်အေးစေသောနည်း၊ အချစ်လက်တည့်မစမ်းပါနှင့်၊ အပျိုစင်နှင့်ဂုဏ်သိက္ခာ၊ အရက်ကိုအသက်နှင့်မလဲပါနှင့်၊ ရှေးခေတ်အိမ်ထောင်ရေးနှင့် မိဘတို့၏လွှမ်းမိုးမှု၊ မိဘသဘောကျရွေးချယ်သင့်၊ အိမ်ထောင်ရေးနှင့် အရည်အချင်း၊ အိမ်ထောင်ဖက်ရွေးနည်း၊ မိန်းမတို့၏ စိတ်နေစိတ်ထား၊ အိမ်ထောင်ပြုမစောသင့်၊ အိမ်ထောင်ပြုသင့်သည့်အရွယ်၊ အိမ်ထောင်ဖက်နှင့် အသက်အပိုင်းအခြား၊ အပျိုကြီးဖြစ်ရသည့်အကြောင်းရင်း၊ လက်မထပ်မီက ဆေးစစ်ကြ၊ လင်မယားဆိုသည်မှာ၊ နွေးနွေးထွေးထွေးအိမ်ထောင်ရေး၊ အိမ်ထောင်ရေးမသာမယာဖြစ်ရသည့်အကြောင်းရင်း၊ အိမ်ထောင်ပြိုကွဲခြင်း အကြောင်းရင်းများ၊ အိမ်ထောင်ရေးနှင့် နားပူနားဆာ၊ အိမ်ထောင်ရေးနှင့် လူပို လူလျှို၊ တူနှစ်ကိုယ်သစ္စာထားဖို့လိုသည်၊ အိမ်ထောင်တစ်ခု၏ အဓိကကျသောအရာ၊ ယောက်ျားတို့၏လျှို့ဝှက်ချက်၊ နပိုလီယံနှင့်သူ၏အိမ်ထောင်ရေး၊ မိန်းမတို့၏ ပျက်စီးရသည့်အကြောင်းရင်း၊ ဇနီးမယားတို့အတွက် အဓိကသော့ချက်၊ အထီးကျန်ဘဝမနေလိုကြ၊ အသက်ရာကျော်မှ ဖူးစာမျှော်သည့်အပျိုကြီး၊ ဖိုမဆက်ဆံခြင်းနှင့် ကျန်းမာရေး၊ အချစ်ဆိုသည်မှာ၊ ယောက်ျားချစ်နှင့် မိန်းမချစ်၊ မိန်းမတွေကစခဲ့တဲ့ အချစ်၊ ကိုယ့်ကိုသူချစ်၊ မချစ်အကဲခတ်နည်း၊ အချစ်ကြောင့် အသက်မဆုံးရှုံးပါစေနှင့်၊ အချစ်နှင့်ကျန်းမာရေး၊ ရာကျော်အဘိုးနှင့် ဆယ်ကျော်သက်ကောင်မလေးတို့၏ အချစ်စသည့် အိမ်ထောင်ရေး၊ အချစ်ရေးနှင့် ပတ်သက်သောအကြောင်းအရာများကို ပီပီပြင်ပြင် ရေးသားတင်ပြပြီး ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂မှ ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ငွေဆောင်ကမ်းခြေဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားနှင့် ပြပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ကြီးမှူးကျင်းပသည့် ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ငွေဆောင်ကမ်းခြေအလှ သဘာဝအမည်ဖြင့် ဓာတ်ပုံပြိုင်ပွဲကိုကျင်းပခဲ့ရာ ပထမဆုကို ကိုအောင်ဌေးလင်းကလည်းကောင်း၊ ဒုတိယဆုကို ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်) ကလည်းကောင်း၊ တတိယဆုကို ဦးဇော်ဇော်ဝေးကလည်းကောင်း ရရှိကြသည်။

ကြည့်ရှုနိုင်

ပထမဆုကို CANON မှချီးမြှင့်သည့် Canon SLR Camera EOS 1000D with EF 18-55 IS Lens ကိုလည်းကောင်း၊ ဒုတိယဆုကို Canon Digital Camera IXUS-95 IS ကိုလည်းကောင်း၊ တတိယဆုကို Canon Digital Camera Powershot A480 ကိုလည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ နှစ်သိမ့်ဆု၁၅ဦးကို ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကို မတ် ၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ခင်းကျင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

မြန်မာ့ရုပ်မြင်သံကြား

၁၆-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ဆည်ရေလျှံလျှံ ကန်ဒေါင့်ရေလှောင်တမံ
၈း၀၀ ၇။ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ**
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ နှောင်းခေတ်တေးပဒေသာ

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.Cနှင့် ဇေယျာရွှေမြေ F.C)
၅း၀၀ ၂။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၅။ **ဇီဝိတဒါနသွေးလှူကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၅း၃၅ ၆။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၄၅ ၇။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ၁၁။ ဆိုလိုက်ကြစို့
၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၆)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၂)
၁၇။ **ရုပ်ရှင်ပဟေဠိ**

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့ မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၁)၏ ပထမဆုံးသံပေါင်အား ကရိန်းဖြင့် စတင်တပ်ဆင်ခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

တံတားအရှည် ၁၉၅၅ပေရှိ ရာဇူဒိုင်တံတား အမှတ်(၁)

ပထမဆုံးသံပေါင်တင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသော ဧရာဝတီတိုင်း လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၁)၏ ပထမဆုံး သံပေါင်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီ ၃၆မိနစ်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်၊ ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီး၊ တံတားစီမံကိန်းအင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ပက်ဖျန်းပေး

အခမ်းအနားတွင် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က တံတားပထမဆုံးသံပေါင်ကို ရွှေမှုလီကျပ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ရာဇူဒိုင်တံတားအမှတ်(၁)သည် မအူပင်-ရေလဲကလေး-ရွှေတောင်ပေါ်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ တစ်လမ်းသွား သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအရှည် ၁၉၅၅ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ၁၈၀၊ အမြင့် ပေ ၂၀နှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုဝန်တန် ၆၀ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၄ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၆ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၈ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၁၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

❒ *ရှေ့ဖုံးမှ*

မဖြစ်စေတော့ဘဲ တမံအတွင်း သိုလှောင်ထားနိုင်ပြီး လယ်ယာမြေများကို ရေပေးဝေနိုင်ခဲ့ရာ ဒေသဝမ်းစာ ဖူလုံရုံမျှမက သောက်သုံးရေပါ ရရှိခံစားနေကြပြီဖြစ်သည်။ မင်းကန်ရေလှောင်တမံသည် မင်းကန်ကျေးရွာအနီး ပိတောက်ချောင်းကိုပိတ်ကာ တည်ဆောက်ထားသည့် မြေသားတမံအမျိုးအစားဖြစ်သည်။ အမြင့်ပေ ၄၀၊ အလျားပေ ၂၁၀၀ရှိကာ ကန်ရေပြည့်ရေလှောင် ပမာဏ ဧကပေ ၃၉၀ရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုသည့်အပြင် စပါးနှင့်အခြားသီးနှံဧက ၂၀၀အတွက် စိုက်ပျိုးရေ ပေးဝေ လျက်ရှိသည်။

လူမှုစီးပွားဘဝ

ဒေသခံ တောင်သူဦးကြီးများမှာ မိုးတွင်းကာလတွင်သာမက နွေရာသီ၌ပါ မင်းကန်ရေလှောင်တမံကြီးအတွင်း သိုလှောင်ထားသည့်ရေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြပြီဖြစ်၍ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

Computer Tables (Steel Tube)
Micro Computer Co.,Ltd.
မှ တင်သွင်းဖြန့်ချိ

ရန်ကုန် မတ် ၁၅

ကွန်ပျူတာသုံးစွဲသူများအတွက် Chuangxiang အမှတ်တံဆိပ် Computer Table များကို Micro Computer Co.,Ltd. က မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်း ဖြန့်ချိလျက်ရှိသည်။

ရွေးချယ်နိုင်

Chuangxiang Computer Table မှာ Steel Frame ဖြင့် ပြုလုပ်ထားသောကြောင့် သာမန်ကြိတ်သား (MDF) များထက်ပို၍ ကြံ့ခိုင်မှုရှိပြီး ယိုင်နဲ့သွားခြင်း၊ ချိုင့်ဝင်သွားခြင်း မရှိချေ၊ ပိုမိုကောင်းမွန်သော Tempered Glass မှန်သားဖြင့် ပြုလုပ်ထားခြင်းကြောင့် ကာလရှည်ကြာစွာ အသုံးပြုနိုင်ပြီး မတော်တဆ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးကို ကာကွယ်ပေးနိုင်သည်။ အရည်အသွေးမှာ မြင့်မားကောင်းမွန် စိတ်ချရပြီး ဈေးနှုန်းချိုသာသည်။ စားပွဲပေါ်တွင် Mono Laser Printer အရွယ်အစားအထိ တင်ထားနိုင်ရန် စင်ငယ်တစ်ခု ထပ်ဆင့် ပြုလုပ်ပေးထားသည်။ ကွန်ပျူတာစားပွဲအပြင် ရုံးလုပ်ငန်းစားပွဲအဖြစ် အသုံးပြုနိုင်သည်။ စားပွဲ၏ အောက်ခံဒေါက်သည် Level မညီသော ကြမ်းများတွင် အလိုအလျောက် Level ညီအောင် ညှိပေးသည်။ နှစ်သက်ရာ အရောင်နှင့် ဒီဇိုင်းစုံစွာ ရွေးချယ်ရရှိနိုင်သည်။

ဖွင့်လှစ်ထား

Micro Computer Co., Ltd. မှ Hasee Laptop များ၊ All-in-One Desktop Computer များ၊ Genius Keyboard များ၊ Mouse များ၊ Speaker များ၊ Headset များ၊ Web-Com များနှင့်အခြားကွန်ပျူတာ Accessories များကိုလည်း လက်လီ လက်ကား တင်သွင်းဖြန့်ချိပေးလျက်ရှိသည်။ ကွန်ပျူတာ Laptop နှင့် Printer များအတွက် Service Center ကို ဖွင့်လှစ်ထားရှိသည်။ ဆက်သွယ်မှာယူ သုံးစွဲလိုသူများသည် Micro Computer Co.,Ltd. အမှတ် ၁၄၃ ၄၆လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈ e-mail:micro @ micro.com.mm; eservice @ micro.com.mm တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တော်မြို့နယ်၌ မီးလောင်

နေပြည်တော် မတ် ၁၅

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခေါင်းတုတ်ကျေးရွာ၌ မတ် ၁၃ရက် ညနေ ၃နာရီခန့်က ထမင်းချက်ရာမှ မီးစတင် လောင်ကျွမ်းခဲ့မှုကြောင့် နေအိမ် ၈၃လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးဒုက္ခသည် အိမ်ထောင်စု ၈၆စုအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်-မုံရွာ ကားလမ်း၊ ကြံခင်း-ပခုက္ကူ

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ မြို့၊ ရွာများသို့ အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသော ... ဟသ်ာတလမ်းတို့ကိုသာ ကြိမ်ဖန်များစွာ ဖြတ်သန်းသွားလာခဲ့ဖူးသည်။

မျက်စိထဲမြင်ယောင်

ပုသိမ် - မုံရွာလမ်းမကြီးသည် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးဖြစ်၍ သတင်းခရီးသည်တစ်ဦးအနေဖြင့် အထူးစိတ်ဝင်စားခဲ့မိသည်။ ပုသိမ်-မုံရွာလမ်းမကြီးအကြောင်းကို သတင်းများ ဖတ်ရှုပြီး မျက်စိထဲ မြင်ယောင်ကြည့်ခဲ့မိသော်လည်း မြေပြင်အခြေအနေကို ကိုယ်တိုင် မဖြတ်သန်းဖူး၍ ဘဝင်မကျနိုင်ဘဲ ဖြစ်ခဲ့သည်။

ပြီးခဲ့သည့် မတ်လဆန်းက နေပြည်တော်မှ ရန်ကုန်၊ ရန်ကုန်မှ ပုသိမ်သို့ ခရီးထွက်ရန် အကြောင်းဖန်လာခဲ့သည်။ မတ် ၃ရက် နံနက်ပိုင်းက ပုသိမ်မြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် ပုသိမ်မြို့မှ ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာအုပ်စုသို့ မော်တော်ယာဉ်တန်းဖြင့် ထွက်ခွာခဲ့သည်။ ပုသိမ်-ရန်ကုန်လမ်းမကြီးမှတစ်ဆင့် လမ်းခွဲကာ ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း ခရီးဆက်ရခြင်းဖြစ်၍ ဧရာဝတီတိုင်းအတွင်း ပါဝင်သော ပုသိမ်-မုံရွာလမ်းပိုင်း အခြေအနေကို အစအဆုံး ဂဃနဏ မြင်တွေ့သိရှိခဲ့ရသည်။

ခရီးပြင်းနှင်

ပုသိမ်မြို့မှ မွန်းလွဲ ၁နာရီခွဲတွင် ထွက်ခွာလာခဲ့ရာ ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာလမ်းဆုံသို့ ညနေ ၅နာရီခွဲခန့်တွင် ရောက်ရှိခဲ့သည်။ လမ်းတွင် ရေကြည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ခေတ္တရပ်နားခဲ့သည်မှအပ ခရီးပြင်းနှင်ခဲ့ရာ ပုသိမ်-ဘက်ရဲ ၁၃၁မိုင်ခရီးကို လေးနာရီကျော်သာ ကြာမြင့်လေသည်။

ကွင်းကောက်လမ်းဆုံမှ ဘက်ရဲကျေးရွာလမ်းဆုံသို့ ၄၂မိုင် ကွာဝေးရာ ကတ္တရာလမ်း မဟုတ်သော်လည်း မြစ်ကျောက်ခင်းသော လမ်းဖြစ်ရာ မောင်း၍ကောင်းပြီး ခရီးတွင်လှသည်။ သို့သော် ဖုန်ထပြီး ကားဘီးမှ ယက်ထုတ်လိုက်သော ခဲလုံးများကြောင့် တစ်စီးနှင့်တစ်စီး ခပ်ခွာခွာ မောင်းမှသာ ...

ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ရှေ့ရေးမျှော်ပါ** တရားတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၆း၅၀ ဖူးရောက်စေချင်သည် ဗန္ဓုသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၁)
၈း၃၀ Sports World (Nations Cup 2009)
၈း၅၅ ဒါနနှင့်ယှဉ်ကာ ပီတိဝေဖြာခဲ့ရသော တောင်စွန်းကျေးရွာ
၉း၁၅ Activities in the City [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ အလှူတော်မင်္ဂလာ]
၉း၃၀ Cartoon Show Time (Lilo & Stitch-2)
၁၀း၁၅ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Grand Wynn Enterprieses Ltd. မှအရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ)
၁၁း၁၀ သနပ်ခါးနှင့်ထပ်တူ
၁၁း၂၀ **ရွှေဖြူဟုခေါ်သည်** (အပိုင်း-၁)
၁၁း၄၅ သင်ကြားရေးလမ်းညွှန် (Psb Academy Singapore)
၁၂း၁၀ ဂုဏ်ယူစရာလက်မှုအတတ်ပညာ
၁၂း၂၅ Activities in the City
- Nibban Dealers' Night Yangon 2010
- ယခင် အလက(၃) သာကေတ အာစရိယပူဇော်ပွဲ
၁း၀၀ **ရှေ့ရေးမျှော်ပါ** တရားတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Pop ကမ်းခြေ-၁)
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၁)
၄း၀၀ နိုင်ငံတကာအဆင့် လေ့လာနိုင်စေရာ RV Centre
၄း၂၀ ဒါနနှင့်ယှဉ်ကာ ပီတိဝေဖြာခဲ့ရသော တောင်စွန်းကျေးရွာ
၄း၅၀ တေးဂီတအစီအစဉ်
၅း၀၀ Activities in the City [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ အလှူတော်မင်္ဂလာ]
၅း၁၅ World Of Knowledge (World Greenest Home)
၅း၄၅ Celebrity Style ထွန်းထွန်းနှင့်တွေ့ဆုံခြင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဟိုတယ်လမ်းညွှန် (မြမန္တလာဟိုတယ်)
၆း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Grand Wynn Enterprieses Ltd. မှအရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ)
၇း၀၀ Fashion Music Festival (Pop ကမ်းခြေ-၁)
၇း၃၅ သင်ကြားရေးလမ်းညွှန် (Psb Academy Singapore)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Cartoon Show Time (Lilo & Stitch-2)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အ... ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်း... မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာ...

Barclays Premier League

နံနက်ပိုင်း	ပွဲစဉ်
၂း၁၀	Wigan-Aston Villa

...ကားလမ်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဘက်ရဲမှ စိမ်းလန်းသော မြသားရောင် နွေစပါးခင်းများ

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်) ❖ ဓာတ်ပုံမှတ်တမ်း-ကိုထွေး ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၅

...ရှိ မြို့၊ ရွာများသို့ အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသော်လည်း ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်မှ ဖြတ်သန်းသွားလာခဲ့ဖူးခြင်း မရှိသေးပါ။ ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်း-ဓနုဖြူ-...ကြိမ်ဖန်များစွာ ဖြတ်သန်းသွားလာခဲ့ဖူးသည်။

၅နာရီခွဲခန့်တွင် ရောက်ရှိခဲ့သည်။ လမ်းတွင် ရေကြည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ခေတ္တရပ်နားခဲ့သည်မှအပ ခရီးပြင်းနှင်ခဲ့ရာ ပုသိမ်-ဘက်ရဲ ၁၃၁မိုင်ခရီးကို လေးနာရီကျော်သာ ကြာမြင့်လေသည်။

ကွင်းကောက်လမ်းဆုံမှ ဘက်ရဲကျေးရွာလမ်းဆုံသို့ ၄၂မိုင် ကွာဝေးရာ

ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကတ္တရာလမ်း မဟုတ်သော်လည်း မြစ်ကျောက်ခင်းသော လမ်းဖြစ်ရာ မောင်း၍ကောင်းပြီး ခရီးတွင်လှသည်။ သို့သော် ဖုန်ထပြီး ကားဘီးမှ ယက်ထုတ်လိုက်သော ခဲလုံးများကြောင့် တစ်စီးနှင့်တစ်စီး ခပ်ခွာခွာ မောင်းမှသာ အဆင်ပြေလေသည်။ ကွင်းကောက်-ဘက်ရဲလမ်းပိုင်း၌ အင်္ဂပူမြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့ကိုလည်း ဖြတ်သန်းသွားရလေရာ မမြရေလျှောင်တမံမှ ဆည်ရေဖြင့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရသည်။ အင်္ဂပူမြို့နယ်အတွင်း ကညင်ရေလှောင်တမံ တည်ဆောက်လျက်ရှိရာ လက်တံမြောင်းမကြီးကို ကားပေါ်မှ မြင်တွေ့ခဲ့ရသည်။

အချိန်တိုအတွင်းသွားနိုင်

မတ် ၃ရက်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပုသိမ်-မုံရွာလမ်း (တောင်ပိုင်း)စီမံကိန်း ဘက်ရဲအခြေစိုက်စခန်းရုံးရိပ်သာ၌ ညအိပ်ရပ်နားဖြစ်ခဲ့၍ ဒေသအခြေအနေကို လေ့လာစေ့ငုခွင့်ရခဲ့သည်။ ဘက်ရဲလမ်းဆုံသည် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း နယ်စပ်ဖြစ်၍ ပုသိမ်-မုံရွာလမ်းမကြီးမှ တစ်ဆင့် ပဲခူးတိုင်း အတွင်းရှိ ပန်းတောင်း၊ ဥသျှစ်ပင်နှင့် ပြည်မြို့များသို့ အချိန်တိုအတွင်း သွားရောက်နိုင်လေသည်။

ဘက်ရဲလမ်းဆုံမှ လမ်းညွှန်ဆိုင်းဘုတ်တွင် ဘက်ရဲမှ ကြံခင်း ၁၀မိုင်၊ ဘက်ရဲမှ ကွင်းကောက် ၄၂မိုင်၊ ဘက်ရဲမှ ရေကြည် ၇၇မိုင်၊ ဘက်ရဲမှ ပုသိမ် ၁၃၁မိုင်၊ ဘက်ရဲမှ ပြည် မိုင် ၅၀၊ ဘက်ရဲမှ မင်းတုန်း ၈၃မိုင်၊ ဘက်ရဲမှ ရွှေစက်တော် ၁၄၈မိုင်ဟူ၍ ဖော်ပြထားလေသည်။

ကြံခင်းမြို့နယ်အတွင်း ပါဝင်သော ဘက်ရဲကျေးရွာအုပ်စုသည် ကားလမ်းဆုံ၌ တည်ရှိခြင်း၊ ကြံခင်းမြို့နှင့် ၁၀မိုင်သာ ကွာဝေးခြင်းနှင့် ပုသိမ်-မုံရွာလမ်း (တောင်ပိုင်း) စီမံကိန်း အခြေစိုက်စခန်းရုံး တည်ရှိခြင်းတို့ကြောင့် လူသိများလေသည်။

မတ် ၄ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာအုပ်စု မြို့ဝင် စပါးမျိုးသန့်ပွားများရေး

ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာအုပ်စု မြို့ဝင်စပါး မျိုးသန့်ပွားများရေး ဧရိယာဧက ၄၀၀ရှိ တောင်သူဦးခင်မောင်ဆွေ၏ နွေစပါးစိုက်ခင်း၌ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ခြင်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧရိယာဧက ၄၀၀၌ နွေစပါး စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲနှင့် စုပေါင်းတမန်းနှီးပွဲသို့ သွားရောက်ကြည့်ရှုလေ့လာဖြစ်သည်။

ကြံခင်းမြို့ဝင် စပါးမျိုးသန့်ပွားများရေး ဧရိယာဧက ၄၀၀ရှိ တောင်သူဦးခင်မောင်ဆွေ၏ လယ်မြေ၌ ဆင်းနွယ်ရင်းစပါးမျိုးဖြင့် တိုက်ရိုက် အစေ့ချစိုက်ခင်းကို မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ ဓာတ်မြေဩဇာ ကြဲပက်ခြင်းနှင့် တမန်းနှီးခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုရသည်မှာ ကြည်နူးအားတက်ဖွယ်ကောင်းလှသည်။

တပေါင်းလဆန်း နွေခေါင်ခေါင်ဖြစ်သော်လည်း စိမ်းစိုသော မြသားရောင် စပါးခင်းများကို တစ်ကွင်း

တစ်စပ်တည်း တပြန့်တပြူး မြင်တွေ့ရသည်မှာ မျက်စိပသာဒရှိရုံသာမက ဒေသဝမ်းစာ ဖူလုံပိုလျှံမှုအတွက် အားတက်ရသည်။ ကြံခင်းမြို့နယ်သည် ဆန်ဖူလုံမှု ၁၉၄ဒသမ ၂၂ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၃၈၇ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မေးမြန်းစေ့ငု

အဆိုပါ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲနှင့် တမန်းနှီးပွဲသို့ မသွားရောက်မီ ဆောက်လုပ်ရေးရိပ်သာရှေ့၌ ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အခြေအနေများကို မေးမြန်းစေ့ငုခွင့်ရခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းက "ကြံခင်းမြို့နယ်ရဲ့ အဓိက စီးပွားရေးက လယ်ယာလုပ်ငန်းပဲ ဖြစ်ပါတယ်။ ဆောင်းသီးနှံလည်း စိုက်ပျိုးကြပြီး အောင်မြင်ဖြစ်ထွန်းပါတယ်။ နွေစပါးကို ကွန်ချောင်းရေလှောင်တမံရဲ့ ရေနဲ့ အဓိကအားပြုပြီး စိုက်ပျိုးပါတယ်။ လောလောဆယ်မှာ တည်ဆောက်ရေးလုပ်ငန်းတွေအဖြစ် မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ခြင်းနဲ့ စက်မှုဇုန် တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ကွန်ချောင်းရေလှောင်တမံ

ကြံခင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများသို့ ရေဖြန့်ဝေပေးလျက်ရှိသော ကွန်ချောင်း ရေလှောင်တမံသည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့ပြီး အကျိုးပြုဧက ၂၀၀၀၀၊ ရေအရင်းအမြစ် အလုံ(မြောက်)ချောင်း၊ တမံအမြင့် ၁၃၅ပေ၊ တမံအလျား ပေ ၁၆၇၂၀၊ တူးမြောင်းမကြီး အလျား ၂၃ဒသမ ၅မိုင်၊ လက်တံမြောင်းများ အလျားမိုင် ၄၀ဖြစ်သည်။

လွယ်ကူအဆင်ပြေ

ကြံခင်းမြို့ ဘိလပ်မြေစက်ရုံမှ မြင်းခေါင်းတံဆိပ် ဘိလပ်မြေများကို ထုတ်လုပ်လျက်ရှိရာ ဘိလပ်မြေအရည်အသွေးကောင်းမွန်၍ နာမည်ကျော်သည်။ ကြံခင်းမြို့သည် ဧရာဝတီတိုင်း အတွင်းရှိ မြို့ရွာများသို့ ကားလမ်းသာမက ရထားလမ်းဖြင့်ပါ ဆက်သွယ်သွားလာနိုင်၍ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေသည်။

ဖောက်လုပ်လျက်ရှိ

ကြံခင်း - ပခုက္ကူရထားလမ်း စီမံကိန်းမိုင် ၃၂၀ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀ဟူ၍ သုံးပိုင်းခွဲကာ ဖောက်လုပ်လျက်ရှိသည်။ ကြံခင်း-သရက်လမ်းပိုင်းရှိ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်းကို ၂၀၀၈ခုနှစ် မတ် ၁ရက်တွင် လည်းကောင်း၊ ဥသျှစ်ပင်-ကံမလမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ် ၂၂ရက်တွင်လည်းကောင်း၊ ကံမ-သရက် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ကူးလူးယှက်နွယ်

ကြံခင်း - ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ ရထားဖြင့် တိုက်ရိုက် သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမှတစ်ဆင့် ပုံညာတောင်ဥမင်ကို ဖြတ်သန်း၍ ဂန့်ဂေါ၊ ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ၊ ချောင်းဦး၊ မုံရွာ၊ ရေဦး၊ ခင်ဦးမြို့များမှ မြန်မာပြည်အထက်ပိုင်းရှိ မြစ်ကြီးနားမြို့သို့လည်းကောင်း ကူးလူးယှက်နွယ်သွားလာနိုင်မည် ဖြစ်သည်။

ဧရာဝတီတိုင်း ဟင်္သာတခရိုင်အတွင်း ပါဝင်သော ကြံခင်းမြို့နယ်သည် မြောက်ဘက်တွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၊ အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် ရွှေတောင်မြို့နယ်၊ တောင်ဘက်တွင် မြန်အောင်မြို့နယ်၊ အနောက်ဘက်တွင် ရခိုင်ရိုးမ တောင်တန်း၊ ရခိုင်ပြည်နယ်တို့နှင့် ဆက်စပ်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀တွင် တည်ရှိသည်။

ကြံခင်းမြို့နယ်ကို မြို့တစ်မြို့၊ ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာ ၂၅၂ရွာဖြင့် ဖွဲ့စည်းထားပြီး (၃-၃-၂၀၁၀ စာရင်းအရ) လူဦးရေ စုစုပေါင်း ၁၄၃၃၆၉ဦး နေထိုင်ကြသည်။ လူနေသိပ်သည်းမှု တစ်စတုရန်းမိုင်လျှင် ၃၂၅ဦးဖြစ်သည်။

ကျယ်ဝန်း

ကြံခင်းမြို့နယ်သည် အရှေ့မှ အနောက် ၂၂ မိုင်၊ တောင်မှမြောက်မိုင် ၂၀ စုစုပေါင်း ၄၄၀ဒသမ ၇၃၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြေအသုံးချမှုအနေဖြင့် အသားတင် စိုက်ပျိုးမြေဧရိယာဧက ၈၃၂၈၀၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၁၆၄၅၅၄ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သော မြေဧရိယာ ၂၇၄၈၁ဧကဖြစ်သည်။ တစ်နှစ်လျှင် ပျမ်းမျှ မိုးရွာရက် ၉၉ရက်၊ ပျမ်းမျှ မိုးရေချိန် ၅၆ဒသမ ၉၁လက်မဖြစ်သည်။

ကြံခင်းမြို့နယ်တွင် ရေမြေအလိုက်၊ စိုက်စနစ်အလိုက်၊ မျိုးကွဲအလိုက်

ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာအုပ်စု မြို့ဝင် စပါးမျိုးသန့်ပွားများရေး ဧရိယာ ဧက ၄၀၀ရှိ တောင်သူ ဦးခင်မောင်ဆွေ၏ နွေစပါးစိုက်ခင်း၌ စုပေါင်း တမန်းနှီးခြင်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးစပါး၊ နွေစပါး စိုက်ပျိုးလျက်ရှိရာ စပါးမျိုးကွဲများအနေဖြင့် မနောသုခ၊ ရတနာတိုး၊ ဆင်းသုခ၊ သီးတပ်ရင်၊ ဆင်းနွယ်ရင်၊ ဆင်းသွယ်လတ်၊ ရွှေမြန်မာ၊ အင်းမရဲဘော်၊ ရေဆင်းလုံးသွယ်၊ ကျော်ဇေယျ၊ ဧရာမင်း၊ လုံးသွယ်မွှေး၊ သုခရင်နှင့် ဆင်းသွယ်ယဉ် စပါးမျိုးများကို စိုက်ပျိုးသည်။ ၂၀၀၉-၂၀၁၀ခုနှစ်တွင် နွေစပါးဧက ၅၅၀၀ လျာထားခဲ့သည့်အနက် ကျေးရွာအုပ်စု ၁၃အုပ်စုတွင် ၅၆၁၃ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ၁၁၃ဧက ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုး

ကြံခင်းမြို့နယ်တွင် မိုးသီးနှံများအဖြစ် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ မိုးငရုတ်၊ ဟင်းသီးဟင်းရွက်၊ ကွမ်းရွက်နှင့် ချက်ကြဲတို့ကိုလည်းကောင်း၊ ဆောင်းသီးနှံများအဖြစ် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ စားဖိုဆောင်သီးနှံများ၊ ဟင်းသီးဟင်းရွက်၊ မြန်မာ့ဆေးနှင့် ချည်မျှင်ရှည်ဝါတို့ကို လည်းကောင်း စိုက်ပျိုးသည်။

ကြံခင်းမြို့နယ်တွင် ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၉၈ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ခုနစ်ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကြံခင်းမြို့တွင် ကျန်းမာရေးကဏ္ဍအနေဖြင့် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့ (၄က်ဖျား၊ အနာကြီး၊ တီဘီ) သုံးဖွဲ့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ အသစ်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက် ရရှိထားပြီးဖြစ်ရာ ဆေးရုံတည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူသိများ

ကြံခင်းမြို့နယ်သည် နာမည်ကျော် မြင်းခေါင်းတံဆိပ် ဘိလပ်မြေစက်ရုံ တည်ရှိ၍ လူသိများသော မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ ကြံခင်း-ပခုက္ကူ ရထားလမ်း စီမံကိန်းကြောင့် ပိုမို၍ ထင်ရှားလာပြီဖြစ်သည်။

ပုသိမ် - မုံရွာကားလမ်းဖြင့်လည်းကောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းဖြင့်လည်းကောင်း ကြံခင်းမြို့နယ်မှ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့၊ ရွာများသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နေပြီး ဘက်ရဲကျေးရွာတွင်လည်း ကွန်ချောင်းဆည်ရေဖြင့် မြသားရောင် နွေစပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာအုပ်စု၌ တစ်ကွင်းတစ်စပ်တည်း မြသားရောင် နွေစပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘက်ရဲကျေးရွာ ကားလမ်းဆုံ

ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာ ကားလမ်းဆုံကို တွေ့ရစဉ်။ (သတင်းစဉ်)

၄း၅၀	တေးဂီတအစီအစဉ်
၅း၀၀	Activities in the City [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ အလှူတော်မင်္ဂလာ]
၅း၁၅	World Of Knowledge (World Greenest Home)
၅း၄၅	Celebrity Style ထွန်းထွန်းနှင့်တွေ့ဆုံခြင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဟိုတယ်လမ်းညွှန် (မြမန္တလာဟိုတယ်)
၆း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Grand Wynn Enterprieses Ltd. မှအရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ)
၇း၀၀	Fashion Music Festival (Pop ကမ်းခြေ-၁)
၇း၃၅	သင်ကြားရေးလမ်းညွှန် (Psb Academy Singapore)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Cartoon Show Time (Lilo & Stitch-2)
၉း၁၀	Celebrity Style ထွန်းထွန်းနှင့်တွေ့ဆုံခြင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၁)
၁၀း၀၀	Sunday Talk
၁၀း၅၀	ဟိုတယ်လမ်းညွှန် (မြမန္တလာဟိုတယ်)
၁၁း၀၅	မြန်မာစာ၊ မြန်မာစကား
၁၁း၂၀	**ဗီဒီယိုဇာတ်လမ်း** **သွေးအားပြည့်အောင်နေကြစို့** ၄က်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ရွှေမိုးသက်)
၁၁း၂၅	အမျိုးသားရိုးရာတိုင်းရင်းဆေး နည်းပညာ
၁၁း၄၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၁၂း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂း၁၀	Wigan-Aston Villa	ESPN (Live) MRTV-4 (Live)

မြန်မာသည် မြန်မာအတွက်

ည ၈ နာရီခန့်အချိန်တွင် အထက်တန်းကျောင်းနေဖက်သူငယ်ချင်း မေ့ဆေးဆရာဝန်ကြီးတစ်ဦးထံမှ ဖုန်းဆက်လာသည်။ "ဟေ့-မင်းဆွေကြီး ငါနဲ့အတူ လူတစ်ယောက် ညစာစားနေတယ်၊ အဲ့ဒီလူက မင်းကို သိပ်တွေ့ချင်နေတယ်။ အဲ့ဒီလူ ဘယ်သူလဲဆိုတာ မင်းသိလား။" "ငါ့ကို သိပ်တွေ့ချင်တယ်ဆိုရင်တော့ ငါ့သူငယ်ချင်းဟောင်းတွေထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့ကွာ။" "မင်းကလည်း အရေးထဲ ရောင့်တက်နေပြန်ပြီ။ ဟောဒီမှာ မင်းရဲ့သူငယ်ချင်းဟောင်းကြီးနဲ့ ဖုန်းပြောလိုက်ဦး"ဟုဆိုသဖြင့် ဖုန်းကို ဆက်ကိုင်ထားလိုက်ရသည်။ ထို့နောက် တစ်ဖက်ဖုန်းမှပေါ်လာသောအသံကို ကြားလိုက်ရာ ကျွန်တော် အလွန်အံ့ဩဝမ်းသာ တုန်လှုပ်သွားပါသည်။ ချစ်သော ငယ်သူငယ်ချင်း သူ့အသံကို ကျွန်တော် ကောင်းစွာမှတ်မိပါသည်။ သူ့ကိုမတွေ့ မမြင်ရသည်မှာ အနှစ်(၂၀) ပင် ကျော်ခဲ့ပြီ။ သူသည် ဆရာဝန်တစ်ယောက်ဖြစ်သည်။ ၁၉၈၈ နှစ်ဦးပိုင်းကတည်းက သူမြန်မာပြည်မှ အင်္ဂလန်သို့ ထွက်သွားခဲ့သည်။ ယခု အင်္ဂလန်တွင် တော်ဝင်အထူးကုဆရာဝန်ကြီးဖြစ်နေပြီဟု ကြားသိရသည်။ သူမြန်မာပြည်ကို ဘာလာလုပ်တာပါလိမ့်။ အလည်လာတာလား၊ ဒါမှမဟုတ် သူတတ်ကျွမ်းသောဆေးပညာဖြင့် အမိမြန်မာပြည်သူ ပြည်သားများကို ပြန်လည် အလုပ်အကျွေးပြုဖို့ အပြီးပြန်ခဲ့လေသလား။ ကျွန်တော်သည် စိတ်လှုပ်ရှားစွာဖြင့် သူရှိရာ စားသောက်ဆိုင်သို့ အပြေးအလွှား ထွက်လာပါတော့သည်။

စားသောက်ဆိုင်သို့ လာရာလမ်းတစ်လျှောက်တွင် သူနှင့် ကျွန်တော့်အကြောင်းများကို ပြန်လည်မြင်ယောင်လာပါသည်။ အထက(၁) လမ်းမတော် (စိန့်ဂျွန်း)ကျောင်း နဝမတန်း(A)တွင် သူနှင့်ကျွန်တော် ဆုံဖြစ်ခဲ့ကြသည်။ ကျွန်တော်သည် စိန့်ဂျွန်းကျောင်းတွင် ကျောင်းအိပ်ကျောင်းစား(ဘော်ဒါ) နေပါသည်။ သူ့အိမ်နှင့် စိန့်ဂျွန်းကျောင်းက တစ်မှတ်တိုင်သာ ဝေးပါသည်။ သူ့မိဘနှစ်ပါးစလုံးက ဝန်ထမ်းများဖြစ်ကြသည်။ သူနေသောအိမ်သည် နိုင်ငံတော်မှ ပေးထားသော ဝန်ထမ်းအိမ်ရာတစ်ခုဖြစ်သည်။ ဘော်ဒါ ကျောင်းသားတို့သည် တနင်္ဂနွေတစ်နေ့သာ အပြင်ထွက်ခွင့်ရပါသည်။ တနင်္ဂနွေနေ့များတွင် ကျွန်တော်သည် သူ့အိမ်သို့ရောက်သွားပြီး သူနှင့်အတူတူ စာကျက်ကြပါသည်။ သူက အင်္ဂလိပ်စာကို အလွန်ကျွမ်းပါသည်။ ထိုစဉ်ကတည်းက သူသည် NEWS WEEK၊ TIME မဂ္ဂဇင်းတို့ကို ဖတ်နိုင်ပါသည်။ သူသည် အင်္ဂလိပ်စာကို အလွန်ကျွမ်းသဖြင့် တစ်နေ့နေ့တွင် နိုင်ငံခြားသို့ ပညာသင်ကြားရန် ထွက်ခွာပြီး ထိုပညာဖြင့် နိုင်ငံနှင့်လူမျိုးကို အကျိုးပြုသူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ကျွန်တော် ထင်မိပါသည်။ ၁၉၇၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်သောအခါ သူသည် (၈၆)မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အင်္ဂလိပ်စာကို အမှတ်အများဆုံး ရခဲ့သည်။ သူသည် ဆေးတက္ကသိုလ်(၁)တွင် ပညာဆက်လက်သင်ကြားခဲ့ပါသည်။ ဆရာဝန်ဖြစ်လာသောအခါ သူသည် ကျွန်တော်ရှိရာ မွန်ပြည်နယ်သို့ ရောက်လာသည်။ ဆရာဝန်မရှိသောရွာတွင် ဆေးခန်းဖွင့်ချင်သည်ဟုဆို၍ ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာတွင် ဆေးခန်းဖွင့်ရန် ကျွန်တော် ကူညီပေးခဲ့ပါသည်။

၁၉၈၇ မေလတွင် ဘွဲ့လွန်ပညာသင်ချင်သည်ဟုဆိုကာ သူ ရန်ကုန်သို့ ပြန်သွားသည်။ ထိုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် သူသည် ကျွန်တော်နေထိုင်ရာ ကျိုက္ခမီမြို့သို့ ရောက်လာသည်။ "မင်းဆွေ ငါ အင်္ဂလန်ထွက်တော့မယ်။ အင်္ဂလန်မှာ အလုပ်လုပ်ရင်း ပညာဆက်သင်မယ်။ ဒီအတွက် ငွေကျပ်ငါးသောင်း လျော့ရမယ်။ ငွေသုံးသောင်းလောက် မင်းချေးနိုင်မလား"ဟု ဆိုလာသည်။ သူချေးသောငွေက အတော်လေးများနေပါသည်။ ကျွန်တော်သည် ထိုစဉ်က ဆားလုပ်ငန်းရှင်တစ်ယောက်ဖြစ်နေသော်လည်း ငွေတွေက အလုပ်ထဲတွင်မြုပ်နေသည်။ မိသားစုကို ကျိုက္ခမီတွင် အိမ်တစ်လုံးပင် မဝယ်ပေးနိုင်သေးပါ။ ကျွန်တော့်အားမွေးဖွားခဲ့သော မိဘပိုင်အိမ်ငယ်လေးတွင် ဆင်းရဲစွာနေထိုင်ရသည်။ ဇနီးမယားကို ရွှေတစ်ဆင်စာပင် မဝယ်ပေးနိုင်သေးပါ။ သူချေးသော ငွေသုံးသောင်းသည် ကျိုက္ခမီတွင် အိမ်ကောင်းကောင်းတစ်လုံး ဝယ်နိုင်ပါသည်။ ဇနီးမယားကို ရွှေတစ်ဆင်စာ ဝယ်ပေးနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ တစ်ညတာစဉ်းစားပြီး ထိုငွေသုံးသောင်းကို သူ့အားချေးငှားခြင်းမဟုတ်ဘဲ အပြီးအပြတ်ပေးရန် ကျွန်တော်ဆုံးဖြတ်ခဲ့ပါသည်။ သူသည် အင်္ဂလန်တွင် ဘွဲ့လွန်ဆေးပညာကို သင်ကြားပြီး မြန်မာပြည်သူတို့အား ပြန်လည်အလုပ်အကျွေး ပြုလိမ့်မည်ဟု ကျွန်တော် ထင်မှတ်ခဲ့သည်။ သူ့အား ကျွန်တော်ကူညီပေးကမ်းလိုက်သောငွေသည် မြန်မာပြည်သူများအတွက် များစွာအကျိုးဖြစ်စေလိမ့်မည်ဟု ကျွန်တော်ထင်မှတ်ခဲ့ပါသည်။

နံနက်မိုးလင်းသောအခါ ရန်ကုန်လသာလမ်းရှိ ဆားပွဲစားကြီး ဦးဘော်လုံးထံသို့ သူ့အမည်နှင့် ကျွန်တော်ငွေလွှဲစာ ရေးပေးလိုက်ပါသည်။ "ရော့-သူငယ်ချင်း ငါဦးဘော်လုံးဆီမှာ ဆားဖိုးငွေတွေရဖို့ရှိတယ်၊ အဲ့ဒီမှာ မင်းလိုတဲ့ငွေသုံးသောင်း သွားထုတ်ပေတော့၊ ငါဖုန်းလည်းဆက်ထားပေးမယ်၊ ဒီငွေကို မင်းငါ့ကို ပြန်ပေးဖို့ မလိုဘူး၊ အင်္ဂလန်မှာ ဘွဲ့လွန်တက်ပြီးရင်တော့ တို့ဆီပြန်ခဲ့ပေါ့ကွာ၊ အင်္ဂလန်မှာ မင်းသင်မယ့်ပညာတွေဟာ မြန်မာတွေအတွက် ဖြစ်လာမယ်ဆိုရင် ငါဝမ်းသာကျေနပ်ပါတယ်"ဟုဆိုကာ ကားဂိတ်သို့ လိုက်ပို့ပေးခဲ့ပါသည်။ အင်္ဂလန်သို့ ပညာသင်သွားမည့် သူငယ်ချင်းအား ကျိုက္ခမီမြို့လယ်ကောင်ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးနံဘေးတွင် ရပ်ထားသော ဟိုင်းလပ်ကားပေါ်သို့ တင်ပေးလိုက်ပါသည်။

သူထွက်သွားပြီး တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော့်ထံ သူစာရေးလာသည်။ သူအင်္ဂလန်တွင် အလုပ်ရပြီဖြစ်ကြောင်း၊ ပညာလည်း ဆက်သင်နေကြောင်း၊ အဆင်ပြေကြောင်း၊ သူ့မိန်းမနှင့် ကလေးတွေကိုလည်း အင်္ဂလန်ခေါ်ထားပြီဖြစ်ကြောင်း သူစာရေးလာသည်။ သူသည် အင်္ဂလန်တွင် အခြေချရန် စီစဉ်လိုက်ပြီဆိုသည်ကို ကျွန်တော်သိလိုက်ရပါသည်။ သူသည် မြန်မာတစ်ယောက်ဖြစ်သည်၊ သို့သော်သူသည် မြန်မာတွေအတွက် မဟုတ်တော့ပါလားဆိုသည်ကို ကျွန်တော်သိလိုက်ရတော့သည်။ ကျွန်တော့်ငွေကို ကျွန်တော်မနှမြောပါ။ သူ့ကို ဆုံးရှုံးလိုက်ရသည်ကို ကျွန်တော် နှမြောစိတ်မကောင်း ဖြစ်နေမိပါတော့သည်။

သူနှင့်ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်အကြောင်းများကို စဉ်းစားရင်း သူရှိရာ စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။ စားသောက်ဆိုင်အတွင်း အနှစ်နှစ်ဆယ်ကျော် မတွေ့ဖြစ်ခဲ့သော သူငယ်ချင်းကို အပြေးအလွှား ရှာဖွေမိသည်။ ထိပ်ပြောင်ပြောင်နှင့် သူငယ်ချင်းမေ့ဆေးဆရာဝန်ကြီးကို တွေ့လိုက်ရာ ထိုဝိုင်းသို့ ကျွန်တော်သွက်လက်စွာလျှောက်သွားပြီး သူ့နောက်မှနေ၍ လက်နှစ်ဖက်ဖြင့် ကျွန်တော်သိုင်းဖက်လိုက်သည်။ သူသည် မတ်တတ်ထရပ်၍ ကျွန်တော့်ကို ပြန်လည်သိုင်းဖက်လိုက်သည်။ ကျွန်တော်သည် ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ခဲ့ရသည်။ သူနှင့်အတူ သူ့အမျိုးသမီးလည်း ပါလာသည်။ သူနှင့် ဆေးကျောင်းနေဖက် ကျွန်တော်မသိသော သူ့သူငယ်ချင်းတစ်ဦးလည်း ရှိနေသည်။ သူ့ကို ကျွန်တော် စကားတွေ အများကြီးပြောချင်သည်၊ မေးစရာတွေလည်းရှိသည်၊ သူက မနက်ဖြန်ကျရင် မင်းအိမ်ကို ငါလာလည်မယ်၊ ငါ့ကို ငါ့အဖေအိမ်မှာလာကြိုဟု ဆိုလိုက်သဖြင့် မနက်ဖြန်မှပဲ သူနဲ့ အေးအေးဆေးဆေး စကားပြောတော့မည်ဟု ကျွန်တော် စိတ်ကူးလိုက်ပါသည်။

ငါးမင်းဆွေ

နောက်နေ့ နံနက်တွင် သူ့အဖေအိမ်သို့ရောက်သွားပြီး သူ့ကို ကျွန်တော့်အိမ်သို့ ခေါ်ခဲ့သည်။ ဒီတော့မှ သူငယ်ချင်းနှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောဖြစ်ကြသည်။ ကျွန်တော်က "မင်းမြန်မာပြည်ပြန်လာပြီး အလုပ်လုပ်ပါလားကွာ၊ မင်းဘွဲ့မျိုးရထားတဲ့ အထူးကုဆရာဝန်ကြီးကလည်း အသက်တော်တော်ကြီးနေပြီ။" "ဟုတ်တယ်မင်းဆွေ၊ ငါလည်း အဲ့ဒါစဉ်းစားနေတာ၊ ဒီမှာ အလုပ်လာလုပ်ဖို့ နေရာထိုင်ခင်း လာကြည့်တာလည်း ပါတာပေါ့ကွာ။" သူ့စကားကြောင့် ကျွန်တော် အားတက်ဝမ်းသာ ဖြစ်သွားသည်။ "မင်း အင်္ဂလန်ဘယ်မြို့မှာ နေတာလဲ" "ငါနေတာက မန်ချက်စတာမြို့မှာပါ၊ အလုပ်လုပ်တာက လီဗာပူးမြို့မှာ။" "မင်းလည်း အိမ်ပိုင်၊ ကားပိုင်တွေဖြစ်နေပြီပေါ့၊" သူကရယ်လျက် "ငါ မန်ချက်စတာမြို့မှာ ခြံဝင်းနဲ့ အိမ်တစ်လုံး ပိုင်ဆိုင်နေပြီ"ဟု ပြောလိုက်သည်။ "မင်းအဆင်ပြေတာကြားရတော့ ငါဝမ်းသာပါတယ် သူငယ်ချင်း။ ဒါပေမယ့်ကွာ မင်း ငါတို့ မြန်မာပြည်မှာပဲ အလုပ်ပြန်လာလုပ်သင့်တယ်၊ ဖြစ်နိုင်လျှင် မင်းမသေခင်မှာ အင်္ဂလန်မှာရှိတဲ့ မင်းပိုင်ဆိုင်သမျှကို ရောင်းချပြီး တို့နိုင်ငံမှာ လာရင်းနှီးမြှုပ်နှံပါကွာ၊ မင်းကျွမ်းကျင်တဲ့ ကျန်းမာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ ငါတို့နိုင်ငံမှာ အများကြီးလိုနေသေးတယ်။" သူက "အဲ့ဒါကိုပဲ ငါစဉ်းစားနေတာ"ဟု ပြန်ပြောပါသည်။

ကျွန်တော့်အိမ်မှ အပြန်လမ်းတွင် "မင်းဆွေ ၁၉၈၈ နှစ်ဦးပိုင်းက ငါအင်္ဂလန်သွားဖို့ မင်းဆီက ငါငွေသုံးသောင်းယူခဲ့တယ်။ အဲဒါ ငါပြန်ပေးချင်တယ်"ဟု သူက ဆိုလာပါသည်။ ထိုစဉ်က ငွေသုံးသောင်းသည် များစွာ တန်ဖိုးရှိပါသည်။ သို့သော် ထိုငွေကို ကျွန်တော်က သူ့အားအပြီးအပိုင် ပေးပြီးဖြစ်သည်။ ကျွန်တော်က "သူငယ်ချင်းရာ ဒီငွေတွေကို ငါပေးကတည်းက မင်းကိုချေးခဲ့တာ မဟုတ်ဘူး၊ အပြီးအပိုင်ပေးတာလို့ ပြောပြီးသားပါ၊ အဲဒီကတည်းက ငါပြန်လိုချင်တာက ငွေမဟုတ်ဘူး၊ ငါလိုချင်တာက မင်းကိုပဲ၊ မင်းပညာတွေနဲ့ မြန်မာပြည်သူတွေကို အလုပ်အကျွေးပြုဖို့ ငါလိုချင်ခဲ့တယ်၊ ဒါပေမယ့် ဖြစ်မလာခဲ့ဘူး၊ ဒီနေ့ ဒီအချိန်မှာ ငါဟာ မင်းနဲ့စာလိုက်ရင် အများကြီးဆင်းရဲပါတယ်၊ ဒါပေမယ့် ဒီနေ့ ဒီအချိန်မှာလည်း ငါလိုချင်တာငွေမဟုတ်ဘူး၊ ငါလိုချင်တာ မင်းကိုပဲ၊ ငါတို့နိုင်ငံနဲ့ လူမျိုးအတွက် မင်းကိုငါမျှော်လင့်နေဆဲပါ၊ မင်းဟာ မြန်မာတွေအတွက်ပဲ ဖြစ်ရမယ်။" ကျွန်တော့်စကားအဆုံးတွင် သူဘာမှပြန်မပြောနိုင်တော့ဘဲ တိတ်ဆိတ်သွားပါတယ်။ ကျွန်တော့်စကားတို့သည် သူ့နှလုံးသားထဲသို့ စူးရှဝင်ရောက်သွားပြီဆိုသည်ကို သူ့မျက်နှာကြည့်ပြီး ကျွန်တော်သိလိုက်ပါသည်။ သို့သော်.......။

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းအတိုင်း ဆိုင်ကယ်ကိုမောင်းလာပြီး လက်ယာဘက်သို့ ချိုးကွေ့လိုက်ရာ ပဲခူး-သနပ်ပင် ကားလမ်းပေါ်သို့ ရောက်ရှိခဲ့သည်။ ပဲခူး-သနပ်ပင်ကားလမ်းသည် ညီညာချောမွေ့ ကျယ်ဝန်းပါသည်။ လမ်းဘေးဝဲယာတွင် နွေစပါးခင်းများကို စိမ်းစိမ်းစိုစို တွေ့ရသည်။ လမ်းကောင်းသဖြင့် သနပ်ပင်မြို့သို့ ရောက်မှန်းမသိ ရောက်ရှိလာသည်။ သနပ်ပင်မှ ကမာစဲရွာ၊ ရစ်ကန်ရွာတို့ကိုဖြတ်သန်းပြီး အုန္နဲရွာသို့ ရောက်ရှိလာသည်။ အုန္နဲရွာအဝင်တွင် ရန်ကုန်မြို့သို့ သဘာဝဓာတ်ငွေ့တွန်းပို့နေသော စက်ကြီးများကို တွေ့ရသည်။ အုန္နဲရွာထဲတွင် တိုက်နယ်ဆေးရုံကို သပ်ရပ်လှပစွာ တွေ့ရသည်။ ပဲခူးမှ အုန္နဲသည် ၂၂မိုင်ဝေးသော်လည်း လမ်းကောင်းသဖြင့် နာရီဝက်ခန့်သာ ကြာပါသည်။ အုန္နဲရွာမှ အရှေ့ဘက်လယ်ကွင်းပြင်ထဲသို့ ဆိုင်ကယ်ကို မောင်းချလိုက်ပါသည်။ လယ်ကွင်းပြင်ကြီးသည် မိုးကုတ်စက်ဝိုင်းအထိ တစ်မျှော်တစ်ခေါ် ကျယ်ပြောလှသည်။ "ရှုမဆုံးတော့သည်၊ စိမ်းလဲ့လဲ့နှစ်စဉ်၊ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ် စိုပြည်လွင်၊ ရိတ်သိမ်းပြီဆိုပြန်လျှင်၊ ဝင်းမှည့်ရွှေစင်အိသို့ပင်" ဆိုသည့် "လူချွန်လူကောင်း"သီချင်းကို ဆိုင်ကယ်မောင်းရင်း ကျွန်တော် ဆိုနေမိပါသည်။ လူချွန်လူကောင်းသီချင်း၏ အပိုဒ်တစ်ပိုဒ်ဖြစ်သော "ဆရာဝန် ပညာတွေကိုသင်၊ ရှေ့ရော ခေတ်မီသမားကျော်များပင်၊ လူထုကို ကိုယ်နဲ့ထပ်တူ ချစ်ခင် ရင်ဝယ်ထားညွှန်ကြား"ဆိုသော အပိုဒ်အရောက်တွင် ကျွန်တော့်ရင်ထဲ ဆို့နင့်လာပြီး သီချင်းကို ဆက်မဆိုနိုင်တော့ပါ။ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် နေထိုင်ပြီး အင်္ဂလိပ်လူမျိုးများကို အကျိုးပြုနေသော သူငယ်ချင်း သမားတော်ကြီးကို သတိရလိုက်မိပြီး ကျွန်တော့်မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံလာသည်။ အင်္ဂလန်ရောက် သူငယ်ချင်းသမားတော်ကြီးသည် လူချွန်လူကောင်း တစ်ဦးဖြစ်သည်၊ သို့သော် သူသည် မြန်မာတို့အတွက် မဟုတ်တော့၊ သူသည် အင်္ဂလိပ်လူမျိုးတို့အတွက်သာ ဖြစ်နေလေပြီ။

လယ်ကွင်းပြင်လမ်းအတိုင်း ဆိုင်ကယ်ကိုမောင်းလာသည်။ လမ်းတစ်လျှောက် ပဲခင်းများတွင် လယ်သူမလေးများ ပဲဆွတ်နေကြပါသည်။ ဒီနှစ် စပါးဈေး၊ ပဲဈေးကောင်းသဖြင့် လယ်သမားများ အဆင်ပြေကြသည်။ လက်ပံခါးရှည်ရွာ၊ အေးရွာ၊ နောင်ဘိုရွာ၊ ငွေပုံရွာ၊ အောင်မင်သာရွာ၊ ဝဲပတန်ရွာတို့ကို ဖြတ်ပြီး မမောက်ရွာသို့ ရောက်ရှိလာသည်။ ဖြတ်သန်းလာသော ရွာများတွင် အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ မူလတန်းကျောင်းများကို သပ်ရပ်ခိုင်ခံ့စွာ တွေ့မြင်ရသည်။ တိုက်အိမ်များ၊ သွပ်မိုးပျဉ်ကာအိမ်များ အများအပြား တွေ့ရသည်။ ဇက်တာလယ်ထွန်စက်ကြီးများ၊ ထော်လာဂျီများ၊ ဆိုင်ကယ်များ ဥဒဟိုသွားလာနေသည်ကို တွေ့ရသည်။ ၂၀၀၇ခုနှစ်တုန်းက မဇ္ဈိမဂျာနယ်တွင် တူမောင်ညိုက မြန်မာလယ်သမားတွေ ဆင်းရဲကြသည်ဟု ရေးခဲ့သည်မှာ ရယ်စရာ ပြက်လုံးသဖွယ် ဖြစ်နေပါသည်။ လမ်းဘေးဈေးဆိုင်များတွင် အများသူငါ သုံးနိုင်သော CDMA ဖုန်းများဖြင့် ရွာသားများ ဖုန်းဆက်နေကြသည်ကို တွေ့ရသည်။ ရွာလမ်းတစ်လျှောက်တွင် လျှပ်စစ်မီးတိုင်များကိုလည်း အစီအရီ တွေ့ရသည်။ ဤဒေသသို့ ရောက်ကာစ လွန်ခဲ့သော သုံးလလောက်က "ဒီရွာတွေမှာ လုံခြုံရေးကောင်းရဲ့လား၊ ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုတွေ ဖြစ်ပွားလေ့ရှိသလား"ဟု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့အား မေးမြန်းကြည့်ရာ သူတို့က ရယ်မောလျက် "အဲ့ဒီအမှုတွေ မဖြစ်ကြပါဘူး။ လင်မယား ရန်ဖြစ်မှုလောက်သာ ဖြေရှင်းနေကြရတယ်" ဟု ပြောကြသည်။ မမောက်ရွာရှိ ဦးမောင်ဝင်း စားသောက်ဆိုင်တွင် ခေတ္တနားနေ စားသောက်ပြီး ဆိုင်ကယ်ကို ဆက်မောင်းလိုက်ရာ တံတားဦးရွာသို့ ရောက်ရှိလာသည်။ လမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် ပအိုဝ်း၊ ကရင်၊ မွန်၊ ဗမာတိုင်းရင်းသားများ နေထိုင်ကြသည်။ သူတို့ ကျေးရွာများသည် ယခုအခါ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်၍ ဒေသခံ တိုင်းရင်းသားတို့သည် ထိုဖွံ့ဖြိုးမှု အသီးအပွင့်များကို ခံစားနေကြရပြီ ဖြစ်ပါသည်။

တံတားဦးရွာ အရှေ့ဘက် စစ်တောင်းကမ်းခြေသို့ ဆိုင်ကယ်ကို မိနစ်၂၀ခန့် မောင်းလိုက်ရာ ကျွန်တော်အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆားကွင်းသို့ ရောက်ရှိလာပါသည်။ ကျွန်တော်အပါအဝင် လုပ်ငန်းရှင် ၁၁ဦးသည် ကဝမြို့နယ် စစ်တောင်းမြစ်ဝ ပင်လယ်ကမ်းခြေတွင် ***စာမျက်နှာ ၁၁ ကော်လံ ၁***

တိုင်းတစ်ပါးအလိုတော်ကျ လုပ်ဆောင်နေကြသော မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးအလိုတော်ရိများ၊ တိုင်းတစ်ပါး အသုံးချခံဖြစ်နေသော မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးလက်ကိုင်တုတ်များ၊ မြန်မာလူမျိုးဖြစ်ပါလျက် မြန်မာလူမျိုးအကျိုးကို မလုပ်ပေးဘဲ တိုင်းတစ်ပါးလူမျိုးအကျိုးကို လုပ်ဆောင်ပေးနေကြသောသူများသည် "မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်"ဆိုသော စိတ်ဓာတ်ကို ရိုးသားတည်ကြည်ခိုင်မာစွာ မွေးမြူတည်ဆောက်ပြီး "မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်"ဆိုသော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကြီးကို တစ်ယောက်တစ်လက် တစ်တပ်တစ်အား ဝိုင်းဝန်းထူထောင် တည်ဆောက်ကြပါလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ အမြန်မှချ ရောက်ရှိလာမည်။

တရားသူကြီးချုပ် ဦးအောင်တိုး တရားသူကြီးများနှင့် တရားရေးအရာရှိများအား တွေ့ဆုံ

တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ကျင့်ဝတ်စည်းကမ်းဆိုင်ရာ မှာကြား

ရန်ကုန် မတ် ၁၅

တရားသူကြီးချုပ် ဦးအောင်တိုးသည် မတ် ၁၄ရက် နံနက်၁၁နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ပထမထပ် အစည်းအဝေးခန်းမ၌ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများနှင့် တရားရေးအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ အမှုလက်ကျန် လျှော့နည်းကျဆင်းရေး၊ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းများ လိုက်နာရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် တရားသူကြီးချုပ်သည် ညနေ၃နာရီတွင် တရားရုံးချုပ်(ရန်ကုန်) မြေညီထပ် အစည်းအဝေးခန်း(၂)၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီးနှင့် တွဲဖက် တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက် မြို့နယ်တရားသူကြီးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

တရားသူကြီးချုပ် ဦးအောင်တိုးသည် ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ်လေ့ကျင့်ရေးဌာန (လှိုင်သာယာသင်တန်းကျောင်း)သို့ သွားရောက်ပြီး ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အပတ်စဉ်(၂၀)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ လုပ်ငန်းဝင် သင်တန်းပို့ချမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်နယ်၊ တိုင်းများအတွင်းမှ ဘိန်းခင်း ၁၄၀၈၆ ဒသမ ၅၂ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မတ် ၁၅

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် မတ် ၆ ရက်အထိ ပြည်နယ်၊ တိုင်းများအလိုက် ဘိန်းခင်း ၁၃၇၄၂ ဒသမ ၃၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်ခဲ့

မတ် ၇ ရက်မှ ၁၂ ရက်အထိ ဘိန်းခင်း ၃၄၄ ဒသမ ၁၃ ဧက ထပ်မံဖျက်ဆီး နိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၁၄၀၈၆ ဒသမ ၅၂ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၃၄၄ ဒသမ ၁၃ ဧကအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံ၊ ကွတ်ခိုင်နှင့် နမ့်ခမ်းမြို့နယ်အတွင်းမှ ၇၇ ဒသမ ၅ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံနှင့် ညောင်ရွှေမြို့နယ်အတွင်းမှ ၇၀ ဒသမ ၄၆ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ မက်မန်း၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် တာချီလိတ် မြို့နယ်အတွင်းမှ ၁၀၉ ဒသမ ၀၅ ဧက၊ ကချင်ပြည်နယ် ဖားကန့်၊ ဝိုင်းမော်၊ ချီဖွေနှင့် မိုးညှင်းမြို့နယ်အတွင်းမှ ၈၇ ဒသမ ၁၂ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ်၌ မိုင်းတစ်လုံးနင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ ပေါက်တောကွင်း၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တုံးတောကျေးရွာနေ ဦးသိန်းနိုင်သည် ထင်းခုတ်ပြီး နွားလှည်းဖြင့်ပြန်လာစဉ် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးကို နွားလှည်းကနင်းမိပေါက်ကွဲသဖြင့် ဦးသိန်းနိုင်၏ ဝဲဘက်ခြေသလုံး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဦးသိန်းနိုင်အား မုံးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးပြီး လိုအပ်သည်များ ကူညီပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥသာယူနိုက်တက်၏ ပွဲဦးထွက်နိုင်ပွဲနှင့်အတူ နည်းပြသစ်ဆီဗာဂျီ မျက်နှာပန်းလှ

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ➤

ရန်ကုန် မတ် ၁၅

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပခဲ့ပြီး ဥသာယူနိုက်တက်အသင်းက မနောမြေ F.C ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ဥသာယူနိုက်တက် - တစ်ဂိုး

မနောမြေ F.C - ဂိုးမရှိ

၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲတုန်းက စင်ကာပူ လက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ဖူးတဲ့ နည်းပြဆီဗာဂျီရဲ့ ဥသာယူနိုက်တက်အသင်း

ဥသာယူနိုက်တက်တိုက်စစ်မှူး လစ်ပီလစ်ပီ ဂိုးသွင်းရန်ကြိုးပမ်းစဉ်။
(မြန်မာ့အလင်း)

နဲ့ ပွဲဦးထွက်ပွဲကတော့ အနိုင်နဲ့တာထွက်နိုင်ခဲ့ပါတယ်။ ဥသာယူနိုက်တက်အသင်းဟာ ပွဲဦးထွက်ပွဲမှာ အမှတ်ပြည့် ရယူနိုင်ခဲ့ပေမယ့် အသင်းသစ်မနောမြေ F.C ရဲ့အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နဲ့ ကြိုးစားကစားမှုကြောင့် အနိုင်ရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပါတယ်။

ခံစစ်ကစား

MNL မှာ ကစားဖူးတဲ့ ကျော်ဇေယျာဝင်းနဲ့ ထက်ကျော်သူဝင်းတို့လောက်သာပါပြီး အရင်အဆင့်မြင့်တန်း ကစားသမားဟောင်းတွေဖြစ်တဲ့ သက်နိုင်စိုး၊ မောင်မောင်အောင်၊ ထွန်းထွန်းလတ်(ဂိုး)တို့သာ ပါဝင်တဲ့ မနောမြေရဲ့ ကစားပုံဟာ ဥသာယူနိုက်တက်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပေမယ့် ခံစစ်ကစားပုံနဲ့ ကြိုးစားအားထုတ်မှုကောင်းလို့ ပယ်နယ်တီဂိုးတစ်ဂိုးနဲ့ပဲ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ နိုင်ငံခြားသား ကစားသမား လေးဦးနဲ့ ကျော်သက်ဦး၊ အောင်မိုး၊ အောင်လတ်သူတို့ ပါဝင်လာတဲ့ ဥသာယူနိုက်တက်အသင်းဟာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပါတယ်။ ကင်မရွန်းတိုက်စစ်မှူး လစ်ပီလစ်ပီဟာ မနောမြေနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပေမယ့် မိနစ် ၂၀မှာ ဒဏ်ရာရပြီး ထွက်သွားရတာကြောင့် နောက်ပိုင်းမှာ ဥသာတိုက်စစ်အားပျော့သွားခဲ့ရပါတယ်။

အနိုင်ဂိုးရ

ပထမပိုင်းမှာ ဘယ်ခြမ်းကိုအားပြု ထိုးဖောက်ခဲ့တဲ့ ဥသာအသင်းဟာ ဒုတိယပိုင်းမှာတော့ အနိုင်ဂိုးရဖို့ ညာခြမ်းကို ပြောင်းပြီးတိုက်စစ်ဆင်ခဲ့ပါတယ်။ ၆၅ မိနစ်မှာ ဘရာဇီးကစားသမား မားကို့စ်ရဲ့ အပိုင်ကန်ချက်ကို မနောမြေဂိုးသမား ထွန်းထွန်းလတ် ကာကွယ်နိုင်ခဲ့တာ၊ မိနစ် ၇၀မှာ နီမောင်မောင်အောင်ရဲ့ကန်ချက် တိုင်ထိထွက်သွားခဲ့တာကတော့ ဥသာကို နစ်နာသွားစေပါတယ်။ ၇၁မိနစ်မှာတော့ ဥသာအနိုင်ဂိုးရသွားပြီး လက်ထိဘောကြောင့်ရတဲ့ ပယ်နယ်တီကို မိုင်းအိုက်နိုင်က သွင်းယူခဲ့တာဖြစ်ပါတယ်။

ယနေ့ပွဲ

ညနေ ၄နာရီ
(သုဝဏ္ဏကွင်း)
နေပြည်တော် F.C -ဆောက်သမ်းမြန်မာ (မြန်မာ့အလင်း)

စာမျက်နှာ ၁၀ မှ

ဆားမြေ ဧက ၂၀၀၀ ဖော်ထုတ်လုပ်ကိုင်လျက်ရှိပါသည်။ ပဲခူးဒေသတွင် ရှေးမြန်မာမင်းများလက်ထက်က မြန်မာတစ်နိုင်ငံလုံး စားသုံးရန် ဆားကိုထုတ်လုပ်ပေးခဲ့သည်။ ကိုလိုနီခေတ်မှစ၍ ပဲခူးဆားသည် တစ်စတစ်စတိမ်မြုပ် ပျောက်ကွယ်ခဲ့သည်။ ယခင်က ဆားထွက်သော ပဲခူးဒေသသည် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ဆားကို ဝယ်ယူသုံးစွဲရသောအဖြစ်သို့ ရောက်ခဲ့သည်။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းမှ ဆားကွင်းများ ပျက်စီးသွားသောအခါ နိုင်ငံတော်တွင် ဆားလိုအပ်ချက်များဖြစ်ပေါ်လာပြီး ဆားကို ပြည်ပမှ တင်သွင်းခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲသည် ပဲခူးဒေသတွင် ဆားပြန်လည်ထုတ်လုပ်ရန် လမ်းညွှန်မှုပေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲက ဆားကို စားသုံးရန်တင်မက တိုးတက်လာမည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်မည့် စက်မှုကုန်ကြမ်းဆားများကိုပါ တိုးတက်ထုတ်လုပ်ရန် လမ်းညွှန်ခဲ့ပါသည်။ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် ဆားကို တိုးချဲ့ထုတ်လုပ်ပါက သဘာဝဒီရေတောများနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးပါမည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲသည် အမြော်အမြင်ကြီးစွာဖြင့် စိုက်ပျိုးမြေနှင့် ဒီရေတောများ မထိခိုက်နိုင်သော ပဲခူးဒေသတွင် ဆားကို တိုးချဲ့ထုတ်လုပ်ရန် လမ်းညွှန်မှုပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် ပဲခူးဒေသတွင် ဆားမြေဧက ၂၀၀၀၀ ဖော်ထုတ်ရန် ၂၀၀၉-၂၀၁၀ ဆားထုတ်ရာသီတွင် ဆားမြေဧက ၂၀၀၀ ဖော်ထုတ်ရန် လမ်းညွှန်မှုပေးခဲ့ပါသည်။ မွန်ပြည်နယ်မှ ဆားလုပ်ငန်းရှင်အချို့ လာရောက်လေ့လာပြီး နောက်ဆုံးတွင် ကျွန်တော် အပါအဝင် လုပ်ငန်းရှင် ၁၁ဦးတို့က ယခုအခါ ပဲခူးဒေသတွင် ဆားမြေဧက ၂၀၀၀ ကို စွန့်ဦးကြိုးစား လုပ်ကိုင်နေကြပါသည်။

ဆားကွင်းသို့ ဆိုင်ကယ်ကို မောင်းဝင်လိုက်သောအခါ ပင်လယ်ရေ တဖွေးဖွေးဖြစ်နေသော ဆားကွင်းပြင်ကျယ်ကြီးကိုတွေ့လိုက်ရာ ကျွန်တော် အမောပြေသွားပါသည်။ ဆားလှန်းကွက်တွင် ဖြူဖွေးသောဆားများ စတင်စွဲကပ်နေပါပြီ။ ဤပဲခူးဆားကွင်းကို ဖော်ထုတ်ရာတွင် အနေအထိုင် ဆင်းရဲပင်ပန်းမှုများရှိသော်လည်း ကျွန်တော်ပျော်ရွှင်ပါသည်။ ကျွန်တော်သည် ယခုအခါ အသက် ၅၂နှစ်ရှိပြီး ဘဝ၏ မွန်းလွဲချိန်သို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ဘဝတွင် အချိန်များများ မကျန်ရှိတော့ပါ။ ကျွန်တော်မသေမီ မြန်မာနိုင်ငံသားများ အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဆားကို ထုတ်လုပ်ပေးနိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံကို စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် လိုအပ်သော စက်မှုကုန်ကြမ်းဆားကို ထုတ်လုပ်ပေးနိုင်ခဲ့ပါပြီ။ မြန်မာတစ်ဦးဖြစ်သော ကျွန်တော်သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကျွေးပြုနိုင်ခဲ့ပြီဖြစ်၍ ကျွန်တော်သေလျှင်လည်း သေပျော်ပါပြီ။ မြန်မာနိုင်ငံသားများကို အလုပ်အကျွေးပြုနိုင်သေးသဖြင့် ကျွန်တော် နေရဦးမည် ဆိုလျှင်လည်း နေပျော်ပါသေးသည်။

ပဲခူးဆားကွင်းမှ ဆိုင်ကယ်ဖြင့် ပြန်တက်လာပြီး ပဲခူးမြို့တွင် ဆိုင်ကယ်ထားကာ ဆန်နီပစ်ကပ်ကားကို မောင်း၍ ဆားလုပ်ငန်းကိစ္စဖြင့် နေပြည်တော်သို့ ထွက်ခွာခဲ့ပါသည်။ ပဲခူးမှ ဘုရားကြီးမြို့သို့မောင်းပြီး ဘုရားကြီးတွင် ဘယ်ဘက်ချိုးကွေ့လိုက်ကာ ဘုရားကြီး-ဘောနက်ကြီးလမ်းအတိုင်း ၁၀မိနစ်ခန့် မောင်းလိုက်ရာ ရန်ကုန်-နေပြည်တော် အမြန်ကားလမ်းမကြီးပေါ်သို့ ရောက်ရှိခဲ့ပါသည်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးသည် လေးလမ်းသွား အမြန်လမ်းမကြီးဖြစ်သည်။ နောင်တွင် ရှစ်လမ်းသွား အမြန်လမ်းမကြီး ဖောက်လုပ်နိုင်ရန် မြေသားဖို့ခြင်းလုပ်ငန်းများ ပြင်ဆင်ထားပြီးဖြစ်သည်။ ဆန်နီပစ်ကပ်လေးသည် အမြန်လမ်းမပေါ်တွင် ပြေးလွှားနေပါသည်။ ခရီးသည်တင် အဲကွန်းမှန်လုံကားကြီးများ၊ လင့်ခရူဆာ၊ ပါဂျာဒို၊ ပါကျဲရိုး၊ ဗင်၊ ဆလွန်းကားမျိုးစုံတို့သည် ကျွန်တော့်ကားကို လျှောခနဲလျှောခနဲ ဖြတ်ကျော်နေကြပါသည်။ ကျွန်တော် မောင်းနှင်နေသော အမြန်နှုန်းသည် ရန်ကုန် (ထောက်ကြန့်)နှင့် နေပြည်တော်ကို လေးနာရီနှင့် ခရီးပေါက်ပါသည်။ ကျွန်တော့်ကို လျှောခနဲ လျှောခနဲ ဖြတ်သွားသော ကားတို့သည် ရန်ကုန်-နေပြည်တော်ကို သုံးနာရီလောက်နှင့် ခရီးပေါက်နိုင်ကြသည်။ လမ်းကောင်းသောကြောင့် ရန်ကုန်-နေပြည်တော်သည် အနီးလေးပင်ဖြစ်သွားတော့သည်။

နေပြည်တော်သို့ ညနေ ၆နာရီခန့် ရောက်ရှိလာပါသည်။ နေပြည်တော် မြို့မဈေးရှေ့ရှိ စားသောက်ဆိုင်များရှိရာ ကုန်းကမူလေးပေါ်သို့ ကားကို မောင်းတက်လိုက်ပါသည်။ ထိုကုန်းကမူလေးပေါ်မှနေ၍ နေပြည်တော်မြို့တော်ကြီး၏ အလှအပကို ကြည့်ရှုခံစားရင်း အင်္ဂလိပ်သည် အင်္ဂလိပ်ကို အချစ်ဆုံးဖြစ်သည်။ အင်္ဂလိပ်သည် အင်္ဂလိပ်အတွက်ဖြစ်သည်။ အမေရိကန်သည် အမေရိကန်ကို အချစ်ဆုံးဖြစ်သည်။ အမေရိကန်သည် အမေရိကန်အတွက်ဖြစ်သည်။ အင်္ဂလိပ်နှင့် အမေရိကန်တို့၏ ထိုစိတ်ဓာတ်များကြောင့် အင်္ဂလန်နှင့် အမေရိကန်တို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကြီးများအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထို့အတူ မြန်မာကိုအချစ်ဆုံးဆိုသော မြန်မာများ၊ မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်ဆိုသော မြန်မာတို့၏ ကြိုးစားအားထုတ်မှုကြောင့် ယခုအခါ နိုင်ငံတော်ကြီးသည် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာပါသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသော အခြေခံကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။ ယခုထက်ပို၍ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်လာရန် ကြိုးစားလုပ်ဆောင်ကြရပါမည်။

တိုင်းတစ်ပါးအလိုတော်ကျ လုပ်ဆောင်နေကြသော မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးအလိုတော်ရိများ၊ တိုင်းတစ်ပါး အသုံးချခံဖြစ်နေသော မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးလက်ကိုင်တုတ်များ၊ မြန်မာလူမျိုးဖြစ်ပါလျက် မြန်မာလူမျိုးအကျိုးကို မလုပ်ပေးဘဲ တိုင်းတစ်ပါးလူမျိုးအကျိုးကို လုပ်ဆောင်ပေးနေကြသောသူများသည် "မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်" ဆိုသော စိတ်ဓာတ်ကို ရိုးသားတည်ကြည်ခိုင်မာစွာ မွေးမြူတည်ဆောက်ပြီး "မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်" ဆိုသော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကြီးကို တစ်ယောက်တစ်လက် တစ်တပ်တစ်အား ဝိုင်းဝန်းထူထောင် တည်ဆောက်ကြပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ အမြန်မုချ ရောက်ရှိလာမည်ဟု ကျွန်တော်အပြည့်အဝ ယုံကြည်နေမိပါတော့သည်။ ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

မန်ယူသို့ စီရိုနယ်ဒိုပြန်လာနိုင်ရန် ဟာဂူဆန် လမ်းဖွင့်ထား

မန်ယူနည်းပြဖာဂူဆန်သည် ပြီးခဲ့သည့်နွေရာသီက ရီရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ဖြင့် ငွေရောင်းချခဲ့သော စီရိုနယ်ဒိုအား အိုးထရက်ဖို့ဒ်သို့ ပြန်လာနိုင်ရန် အမြဲတမ်း လမ်းဖွင့်ပေးထားသည်ဟု ပြောကြားခဲ့သည်။

အန်ဖီးလ်မှ ဂျရတ်အား ခေါ်ယူနိုင်မည်ဟု ရီရဲယုံကြည်

စပိန်ထိပ်သီးအသင်းဖြစ်သည့် ရီရဲမက်ဒရစ်သည် လီဗာပူးအသင်း ခေါင်းဆောင် စတီဗင်ဂျရတ်အား အပြောင်းအရွှေ့ဈေးကွက်တွင် ၎င်းတို့၏ နံပါတ်တစ် ပစ်မှတ်အဖြစ်ထားကာ စာချုပ်ခေါ်ယူမည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ဂျရတ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ဖြင့် ကမ်းလှမ်းခေါ်ယူနိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြသည်။

ဟီဂွါအင်နှင့် ဂါဂိုတို့အား စာချုပ်ခေါ်ယူရန် မန်စီးတီးပြင်ဆင်

မန်စီးတီးအသင်းသည် ရီရဲမက်ဒရစ်အသင်းမှ အာဂျင်တီးနားကြယ်ပွင့်များ ဖြစ်ကြသည့် ဂွန်ဇာလိုဟီဂွါအင်နှင့် ဖာနန်ဒိုဂါဂိုတို့အား ပြောင်းရွှေ့ကြေးပေါင် ၄၅သန်းဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် ပြင်ဆင်နေကြောင်း၊ ဟီဂွါအင်သည် ယခုရာသီတွင် ၁၈ဂိုး သွင်းယူထားကာ ရီရဲ၏ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်နေပြီး ဂါဂိုကိုမူ ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် မန်စီးတီးက စာချုပ်ခေါ်ယူရန် ကြိုးပမ်းခဲ့သေးသည်။

မာရီယာအားခေါ်ယူရန် မန်ယူ၊ ချယ်လ်ဆီးနှင့် ဘာစီလိုနာ အပြိုင်ကြိုးပမ်း

မန်ယူ၊ ချယ်လ်ဆီးနှင့် ဘာစီလိုနာအသင်းများသည် ပေါ်တူဂီအသင်း ဘင်ဖီကာမှ တောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာအား စာချုပ်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြကြောင်း၊ မာရီယာသည် ဘင်ဖီကာအသင်းနှင့် ပေါင် ၄၅သန်းတန် စာချုပ် ချုပ်ဆိုကြောင်း၊ သို့သော်လည်း ဘင်ဖီကာအသင်းသည် ပြောင်းရွှေ့ကြေး ပေါင် ၂၂သန်းဖြင့် လက်ခံပြီး ဒီမာရီယာကို ရောင်းချဖွယ်ရှိသည်။

ချယ်လ်ဆီးမှ ဒေကို ကိုရင်သီယန်သို့ ပြောင်းရွှေ့ဖွယ်

ချယ်လ်ဆီးအသင်းမှ ပေါ်တူဂီလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဒေကိုသည် ယခုဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးမှ ထွက်ခွာကာ ဘရာဇီးအသင်း ကိုရင်သီယန်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်။

ကီဗင်မစ်ချယ်နှင့် ကက်ဆီဒစ် မေလ၌ ထိုးသတ်ဖွယ်

လက်ဝှေ့ကျော် ကီဗင်မစ်ချယ်သည် လာမည့်မေလတွင် ဝက်စ်ဟမ်းဘောလုံးအသင်း၏ အပွတန်ပ့ါခ်အားကစားကွင်း၌ ကြားဖြတ် ဒဗလျူဘီအို လိုက်ဝိတ်သရဖူလုပွဲအတွက် ဩစတြေးလျလက်ဝှေ့သမား မိုက်ကယ်ကက်ဆီဒစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ဖွယ်ရှိသည်။

လက်ဝှေ့နည်းပြ အန်ဂျီကယ်လ်ဇာဂီ ခေတ္တအနားယူမည်

ပြီးခဲ့သည့်နှစ်က လက်ဝှေ့လောကမှ ထွက်သွားခဲ့သည့် ဂျိုးကယ်လ်ဇာဂီအား ဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံဆုဆွတ်ခူးနိုင်စေရန် နည်းပြလေ့ကျင့်ပေးခဲ့သူ အသက် ၆၀ရှိ အန်ဂျီကယ်လ်ဇာဂီသည် နည်းပြအဖြစ်မှ ခေတ္တအနားယူဦးမည်ဟု ပြောကြားခဲ့သည်။

ဘီအင်နပီပါရီဘက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ မာရေးအနိုင်ရ

ဗြိတိသျှတင်းနစ်အကျော်အမော် အင်ဒီမာရေးသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်၌ မတ် ၁၀ရက်မှ ၂၁ရက်အထိ ကျင်းပလျက်ရှိသည့် ဆိုနီအဲရစ်ဆင် ဒဗလျူတီအေတိုးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်လျက်ရှိသည့် ဘီအင်န်ပီပါရီဘက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပွဲစဉ်တွင် ပြိုင်ဘက်အီတလီတင်းနစ်သမား အန်ဒရီယက်စ်ဆက်ပီအား နှစ်ပွဲပြတ် ၆-၄၊ ၆-၄ ဖြင့် အလွယ်တကူအနိုင်ရရှိခဲ့သည်။

ဘီအင်နပီပါရီဘက်စ် အိုးပင်း၌ ဘယ်လ်တာချာ ရှုံးပွဲကြုံ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်၌ကျင်းပသော ဘီအင်န်ပီပါရီဘက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် တတိယအဆင့် ပတ်လည်ပြိုင်ပွဲ၌ ဗြိတိသျှတင်းနစ်မယ် အီလီနာဘယ်လ်တာချာသည် ပြိုင်ဘက် ဩစတြေးလျ တင်းနစ်မယ် အလီစီယာမိုလစ်အား ရှုံးနိမ့်ခဲ့သည်။

ဒိုဟာမြို့ ပင်တာသလွန်ပြိုင်ပွဲ၌ အင်းနစ် ရွှေတံဆိပ်ဆွတ်ခူး

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့အင်ဒိုးပြေးခုန်ပစ်ပြိုင်ပွဲတွင် ဗြိတိသျှပင်တာသလွန်ပြေးခုန်ပစ်မယ် ဂျက်ဆီကာအင်းနစ်သည် အိုလံပစ်ချန်ပီယံနာတာလီယာနှင့် ရုရှားပြေးခုန်ပစ်မယ် တက်ယာနာချာနိုဗာတို့ကို ကျော်ဖြတ်ကာ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။

ချစ်စိုးနိုင်-စုစည်းသည်

ဘင်နီတက်ဇ် အန်ဖီးလ်မှ ထွက်ခွာတော့မည်လော

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၅

မိမိအနာဂတ်ကို ပြတ်သားစွာဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ ပွဲရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့် လီဗာပူး၏အနာဂတ်မှာ အောင်မြင်မှုအတွက် မှန်းဆမရအောင်ဖြစ်နေရာ မိမိ၏ရပ်တည်မှုနှင့်ပတ်သက်ပြီး ဘင်နီတက်ဇ် ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

တာဝန်ယူမည်

မိမိအနေဖြင့် လီဗာပူးအသင်း၏ နည်းပြအဖြစ် ယခုနှစ်ဘောလုံးရာသီကုန်အထိ တာဝန် ယူသွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် မည်သို့ဖြစ်လာမည်ကို သေချာစွာ မပြောနိုင်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။ မိမိသည် လီဗာပူးအသင်း အောင်မြင်မှု ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားနေကြောင်း၊ မိမိတာဝန်ကို မိမိပီပြင်စွာ ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲ ကစားပြီးချိန်တွင် တန်းစီဇယား၌ လီဗာပူးတို့ ဆဋ္ဌမနေရာသို့ ရောက်ရှိနေသည်။ ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌လည်း အဝေးကွင်း၌ ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ ယူရိုပါလိဂ်ပွဲစဉ်အဖြစ် အဝေးကွင်းတွင် လိုင်လီနှင့် ယှဉ်ပြိုင်ခဲ့ရာတွင်လည်း တစ်ဂိုး-ဂိုးမရှိဖြင့် ဆက်လက် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် လီဗာပူး၏ လက်ရှိအနေအထားမှာ ပရီမီယာလိဂ်နောက်ဆုံး လေးသင်းဝင်ရောက်ရေးအတွက် မလွယ်သလို လာမည့်ပြိုင်ပွဲများ အနိုင်ရရေး ကြိုးစားရမည့်အနေအထားဖြစ်သည်။

ဘင်နီတက်ဇ်

အသက် ၅၀ အရွယ်ရှိပြီဖြစ်သည့် ဘင်နီတက်ဇ်သည် စပိန်နိုင်ငံ မက်ဒရစ်မြို့ ဇာတိဖြစ်သည်။ ရီရဲမက်ဒရစ်ဘီအသင်း၊ ရီရဲဗယ်လာဒိုလစ်၊ အိုဆာဆူနာနှင့် ဗလင်စီယာစသည့် အသင်းများ၌ နည်းပြတာဝန်ယူခဲ့သူဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဗလင်စီယာအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ လီဗာပူးအသင်းကို



၂၀၀၆ ခုနှစ်၌ အက်ဖ်အေဖလားရယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းနှင့် ၂၀၁၄ ခုနှစ်အထိ နည်းပြ တာဝန်ယူရန် စာချုပ် ချုပ်ဆိုထားသည်။

လျော်ကြေး

ဘင်နီတက်ဇ်က ယခုနှစ်ဘောလုံးရာသီကုန်၌ မိမိအား နည်းပြတာဝန်မှ ထုတ်ပယ်ခဲ့လျှင် စာချုပ်အရ လျော်ကြေးငွေ ပေါင် ၁၆ သန်း ပေးရမည်ဟု ဆိုသည်။ နှစ်ဦး သဘောတူစာချုပ်၌ စာချုပ်သက်တမ်းမကုန်မီ ထုတ် ပယ်ခဲ့ပါက လီဗာပူးပိုင်ရှင်များက လျော်ကြေးငွေ ပေါင် ၁၆ သန်း ပေးရမည်ဆိုသည့်အချက် ထည့်သွင်းထားသည်။

သို့သော် လီဗာပူးပိုင်ရှင်များဖြစ်သည့် တွမ်ဟစ်နှင့် ဂျော့ဂျီလက်တို့ကမူ လီဗာပူး အသင်းအား အောင်မြင်မှုများ ရရှိရန် ရင်းနှီးမြှုပ်နှံမှု ပေါင် သန်း၁၀၀ ထပ်မံထည့်သွင်းမည်ဟု ဆိုသည်။ ထို့အပြင် ဘောလုံးသမားကောင်းများကို ထပ်မံဝယ်ယူ ဖြည့်ဆည်းသွားမည်ဟုလည်း ပြောကြားထားသည်။ နည်းပြ ဘင်နီတက်ဇ်နှင့်ပတ်သက်ပြီး ပိုင်ရှင်များက တစ်စုံတစ်ရာ ပြောကြားခြင်းမရှိပေ။

နှုတ်ဆိတ်

လီဗာပူးအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်အဖြစ် ပေါင်သန်း ၁၀၀တွင် နည်းပြဘင်နီတက်ဇ်ကို ထုတ်ပယ်သည့်အခါ ပေးဆပ်ရန် ငွေကြေးများပါဝင်မှု ရှိမရှိကို လီဗာပူးပိုင်ရှင်များက နှုတ်ဆိတ်နေကြသည်။

သဘောကျ

ဘင်နီတက်ဇ်သည် လာမည့်နွေရာသီ၌ အသင်းမှ ထွက်ခွာပြီး ဘာစီလိုနာအသင်း သို့မဟုတ် ဂျူဗင်းတပ်စ်အသင်းတွင် နည်းပြလုပ်မည်ဟု သတင်းများထွက်နေသည်။ ထို့အတူ ဘင်နီတက်ဇ်နေရာတွင် အစားထိုးရန် ဘာမင်ဂမ်နည်းပြ အလက်မက်လစ်နှင့် အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးတို့ကိုလည်း လီဗာပူးအသင်းက ဆက်သွယ်မှုများ ပြုလုပ်နေသည်ဟု သတင်းများထွက်ပေါ်လာသည်။ လီဗာပူးပိုင်ရှင်များက မာတင်အိုနေးကို ပိုပြီး သဘောကျနေသည်။

ဆုံးဖြတ်မည်

မိမိသည် လောလောဆယ်တွင် လီဗာပူးအသင်းနိုင်ပွဲများ ပြန်လည်ရရှိရန် အာရုံစိုက်နေသည်။ အခြားမည်သည့်အကြောင်းအရာမှ အလေးအနက်မထားနိုင်ဟု ဘင်နီတက်ဇ်က ဆိုနေရာ လီဗာပူးနှင့် ဘင်နီတက်ဇ်တို့၏ အနာဂတ်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဖိလစ်ပိုင် လက်ဝှေ့သမားပက်ကွီုင်အော ဂါနာလက်ဝှေ့သမားအား အနိုင်ယူ

တက္ကဆက် မတ် ၁၅

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီုင်အောသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒါးလက်ခရောင်းဘွိုင်း အားကစားရုံ၌ကျင်းပသော ဒဗလျူဘီအိုဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် ဂျိုရှူယာကလော့တေးအား ထိုးသတ်အနိုင်ယူပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

အနိုင်ပေး

ပက်ကွီုင်အောသည် ဂါနာလက်ဝှေ့သမား ကလော့တေးအား ပြိုင်ပွဲတစ်လျှောက်လုံး အသာစီးဖြင့် ထိုးသတ်နိုင်ခဲ့သည်။ ကလော့တေးမှာ ပက်ကွီုင်အော ထိုးသတ်သော လက်သီးချက်များကို မနည်းတိမ်းရှောင်ခဲ့ရသည်။ ယင်းပြိုင်ပွဲသို့ ပရိသတ် ၅၀၉၉၄ ဦး လာရောက်ကြည့်ရှုခဲ့ကြသည်။ ပက်ကွီုင်အောနှင့် ကလော့တေးတို့သည် ပွဲချိန်ပြည့် ထိုးသတ်ရာ ပြိုင်ပွဲအပြီး ဒိုင်လူကြီးသုံးဦးစလုံးက အသာစီးဖြင့် ထိုးသတ်သွားသော ပက်ကွီုင်အောအား အနိုင်ပေးခဲ့သည်။ (အင်တာနက်)

တောင်အာဖရိက ဂေါက်သီးကစားသမား အိစ် စီအေချန်ပီယံရှစ်ပြိုင်ပွဲ ဖလားဆွတ်ခူး

ကယ်လီဖိုးနီးယား မတ် ၁၅

တောင်အာဖရိက ဂေါက်သီးကစားသမား အာနိုင်းအိစ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ ယှဉ်ပြိုင်ကစားသည့် စီအေချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည်။

ဖလားဆွတ်ခူး

အာနိုင်းအိစ်သည် ယင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၈ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၈ခုနှစ် ဟွန်ဒါကလပ်ဆစ်ပြိုင်ပွဲ ဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒုတိယလိုက်

ယင်းပြိုင်ပွဲတွင် အာနိုင်းအိစ်နှင့် တစ်နိုင်ငံတည်းသား ချားလ်ရှဝပ်ဇယ်က သတ်မှတ်ရိုက်ချက်ထက် ၁၄ချက် လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ (အင်တာနက်)

ဘက်ခမ်း ဖနောင့်ကြော ထိခိုက်ဒဏ်ရာရ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိ

လန်ဒန် မတ် ၁၅

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် မတ် ၁၄ရက်က ချီယေဗိုနှင့်ကစားသည့် စီးရီးအေပြိုင်ပွဲတွင် ဖနောင့်ကြော ထိခိုက်ဒဏ်ရာရသဖြင့် လာမည့် ၂၀၁၀ ကမ္ဘာ့ဖလားနှင့် လွဲချော်ဖွယ်ရှိသည်။

အသက် ၃၄နှစ်ရှိ ဒေးဗစ်ဘက်ခမ်းသည် ယင်းဒဏ်ရာရခဲ့ပြီးနောက် ကွင်းထဲမှ ထမ်းစင်ဖြင့်ထွက်သွားရကြောင်း၊ ၎င်းသည် ဖနောင့်ကြော စုတ်ပြတ်သွားဖွယ်ရှိကြောင်း အေစီမီလန်အသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

ကြိုးစားမှု

ဒေးဗစ်ဘက်ခမ်းသည် ယင်းဒဏ်ရာကြောင့် ဇွန် ၁၁ရက်တွင် စတင်ကစားမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိသည်။ အကယ်၍ ကမ္ဘာ့ဖလားနှင့် လွဲချော်ခဲ့လျှင် ၎င်း၏ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပါဝင်ရန် ကြိုးစားမှုမှာ အဆုံးသတ်စေလိမ့်မည်ဖြစ်သည်။ (အင်တာနက်)

အင်္ဂလန် ကြက်တောင်ရိုက်ပြိုင်ပွဲ လီချောင်ဝီဖလားဆွတ်ခူး

လန်ဒန် မတ် ၁၅

ကမ္ဘာ့နံပါတ်တစ် ကြက်တောင်ရိုက်အားကစားသမား လီချောင်ဝီသည် ဘာမင်ဂမ်မြို့၌ ကျင်းပသော အောအင်္ဂလန်ချန်ပီယံပြိုင်ပွဲတွင် ဂျပန်နိုင်ငံသား ကြက်တောင်ရိုက် အားကစားသမား ကေနိချိတာဂိုအား ၂၁-၁၉၊ ၂၁-၁၉ ဖြင့်နိုင်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးသွားသည်။

နိုင်ခဲ့

မလေးရှားနိုင်ငံသား လီချောင်ဝီသည် ပြီးခဲ့သည့်နှစ်က ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ အမျိုးသမီးပြိုင်ပွဲတွင် ဒိန်းမတ် ကြက်တောင်ရိုက်ကစားသမား ရက်မတ်ဆင်က တရုတ်နိုင်ငံမှဝမ်ယီဘန်းအား ၂၁-၁၄၊ ၂၁-၁၉ ဖြင့် နိုင်ခဲ့ သည်။

လမ်းပွင့်

လီချောင်ဝီသည် အိုလံပစ်ချန်ပီယံ လင်ဒန်း ကွာတားဖိုင်နယ်ပွဲမှ ထွက်ခဲ့ရပြီးနောက် ဖလားဆွတ်ခူးနိုင်ရန် လမ်းကြောင်း ပွင့်သွားခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

16-3 (12).pmd 1 3/16/2010, 2:35 AM

မန္တလေးအသင်း(ရန်ကုန်) စုံညီအစည်းအဝေးကျင်းပ
ပညာရည် ထူးချွန်သူများအား ဂုဏ်ပြု

ရန်ကုန် မတ် ၁၅

မန္တလေးအသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး၊ (၃၄)ကြိမ်မြောက် ပညာရည်ထူးချွန်သူများအား ဂုဏ်ပြုပွဲကို မတ် ၆ရက် နံနက် ၉နာရီက ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်၌ ကျင်းပသည်။

အတည်ပြု

ရှေးဦးစွာ သဘာပတိ မန္တလေးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ အဆွေတော် ဦးမြသောင်း (JEWEL Hotel) က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်စံ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးတီတိုး၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူတို့ ဖတ်ကြားတင်သွင်းရာ တက်ရောက်လာသော အသင်းသား အသင်းသူများက အတည်ပြုကြသည်။

လက်ခံ

ထို့နောက် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော်အလှူငွေများကို အသင်းဥက္ကဋ္ဌ ဦးမြသောင်းက ပေးအပ်ရာ ကိုယ်စားလှယ် ဦးလှမြင့်က လက်ခံယူသည်။ ဆက်လက်၍ စေတနာရှင်များဖြစ်ကြသော ကိုမင်းစိုးနိုင်-မဇာဇာသက်တို့က ငွေကျပ်သိန်း ၂၀အပါအဝင် အလှူရှင်များက အလှူငွေများကို အသင်းသို့ပေးအပ်ကြရာ အသင်းဥက္ကဋ္ဌဦးမြသောင်းက လက်ခံယူသည်။ **(မြန်မာ့အလင်း)**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဝင်းမောင် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မဟာဗန္ဓုလလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ အခမ်းအနား လင်းခေး၌ကျင်းပ

လင်းခေး မတ် ၅

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက လင်းခေးမြို့ ပြည်ငြိမ်းအေး အားကစားကွင်း၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားသို့ လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် ရွှစ်ရပ်ကွက်ရှိ ပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများတက်ရောက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌဦးကျော်ဆန်းက ဖတ်ကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

မြို့နယ်သတင်း ထွေတလာ

မကျန်းမာသူ ဘဝတူစာရေးဖော်အား ထောက်ပံ့ငွေပေးအပ်

တောင်ငူ မတ် ၁၂

တောင်ငူမြို့နယ် သတင်းထောက် ဦးကျော်လှ(သမာဓိ)၊ စာရေးဆရာဦးတင်စိုး (ဖိုးမောင်)နှင့် ဦးဇော်လင်း (မောင်မောင်လင်း-ကေတုမြေ)တို့သည် မတ် ၇ရက် နံနက်ပိုင်းက ဆီးကျိတ်ရောဂါဖြင့် မကျန်းမမာဖြစ်နေသည့် ဘဝတူစာရေးဖော် ရေးဖက် အသက်(၇၃)နှစ်အရွယ်ရှိ သတင်းစာဆရာ ဦးအောင်လင်း၏ နေအိမ်သို့ သွားရောက်ပြီး တွေ့ဆုံအားပေးစကားပြောကြားကြသည်။

ပေးအပ်

ထို့နောက် ထောက်ပံ့ငွေအဖြစ် ငွေကျပ် ၆၀၀၀၀ပေးအပ်ကြရာ**(ဝဲပုံ)**ဦးအောင်လင်းနှင့် မိသားစုတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(ဝ၅၂)**

ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာ၌ စာအုပ်လှူဒါန်းပွဲကျင်းပ

ကျိုက်ထို မတ် ၉

ကျိုက်ထိုမြို့နယ် မုပွလင်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်သန်ရေး

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး အလှူရှင် တိုင်းရေနံရောင်းဝယ်ရေးအရာရှိ(ငြိမ်း) ဦးစိန်မြင့်က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကိုလည်းကောင်းပြောကြားကြသည်။

စာအုပ်လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်က သုတ၊ ရသ ၁၁၁အုပ်၊ ဂျာနယ် ၂၄စောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက စာအုပ်စာစောင် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မေတ္တာရှင် သွေးအလှူရှင်များဖွဲ့စည်း

မင်းကင်း မတ် ၅

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ဒီဇင်ဘာ၂၅ရက် နံနက် ၁၀နာရီက မေတ္တာရှင် သွေးအလှူရှင်အသင်းဖွဲ့စည်းခြင်း အခမ်းအနားကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနား၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မာညိုက အသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းဝင်များက ငွေပဒေသာပင်အလှူငွေကျပ် ၂၃၃၀၀၀ကို ပေးအပ်လှူဒါန်းသည်။ *(မြို့နယ် ပြန်/ဆက်)*

တောင်တွင်းကြီး၌ ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ဖွင့်

တောင်တွင်းကြီး မတ် ၅

တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာကျော်ဆွေက ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးလက်ကျန်းမာရေးဌာနခွဲဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တာဝန်ရှိသူတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ယင်းမာပင် ပြန်လည့်ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

ယင်းမာပင် ဖေဖော်ဝါရီ ၂၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စိုးစိုးဝင်းသည် ဖေဖော်ဝါရီ ၂၁ ရက်က ပြန်လှည့်ကျေးရွာ ဖြိုးဝေစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဆန်းဝင်းနှင့် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီအဖွဲ့က စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်အဆောက်အအုံ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင် တိုးပွားရေး၊ ငွေကြေးပါသည့် စာငှားကတ်စနစ်ကျင့်သုံးရေး၊ ရန်ပုံငွေထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားကြရန် ဆွေးနွေးမှာကြားခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်မျိုးစုံ ၃၀တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာ ချောင်းကူးတံတား ရေရှည်တည်တံ့ရေး စစ်ဆေး

ဆီဆိုင် မတ် ၃

ဆီဆိုင်မြို့နယ် မကောက်ကျေးရွာ ချောင်းကူးတံတား ရေရှည်တည်တံ့မှုရှိရေးအတွက် ဇန်နဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ ကွင်းဆင်းစစ်ဆေးကြီးကြပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖောက်ထွင်းပစ္စည်းများ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲ ထားဝယ်၌ကျင်းပ

ထားဝယ် မတ် ၁၀

တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှံရပ် သမဝါယမလမ်း အမှတ် ၄၀၅နေ ဦးခင်မောင်ကြီးနေအိမ်၌ ဖေဖော်ဝါရီ ၅ရက်က စိန်ရွှေရတနာပစ္စည်း ငွေကျပ်၉၄သိန်းဖိုး ခိုးယူဖောက်ထွင်းခံခဲ့ရရာ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူး၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀နာရီက ဦးခင်မောင်ကြီးနှင့်အတူ ကလိန်အောင်စခန်းမှူး ရဲအုပ်သိန်းမြင့်အောင်နှင့် အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်၍ တရားခံမြင့်စိုးဦးအား ကလိန်အောင်မီးရထားဘူတာတွင် သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးမိခဲ့သည်။

ပြန်လည်ပေးအပ်

စိန်ရွှေရတနာပစ္စည်းပိုင်ရှင် ဦးခင်မောင်ကြီးအား ပစ္စည်းပြန်လည် ပေးအပ်ပွဲအခမ်းအနားကို မတ် ၄ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ဒုတိယရဲမှူးထိန်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြက အမှာစကားပြောကြားပြီး ဒုတိယ ရဲမှူးမောင်မောင်က ပစ္စည်းပိုင်ရှင် ဦးခင်မောင်ကြီးအား ရတနာပစ္စည်းများကို ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဂုဏ်ပြု

ယင်းနောက် အကူအညီပေးခဲ့သော ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်စိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းဒုရဲအုပ်အောင်နိုင်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ ကလိန်အောင်ရဲစခန်းမှူးရဲအုပ်သိန်းမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၉ဦးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ပိုင်ရှင်ဖြစ်သူဦးခင်မောင်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ (၁၈၇)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗထူးပန်းခြံအတွင်း မြေခင်းအလှပြုပြင် ဆောင်ရွက်ထားရှိမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်းမြို့နယ် ရွာမကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း မာလာဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုး၊ မြို့နယ်ပညာရေးမှူးဦးကြည်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှရိုန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

16-3 (15).pmd 1 3/16/2010, 2:35 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွံမင်းသမီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ ည ဂုနာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွံ မင်းသမီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကပြဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွံမင်းသမီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ထိုင်းဘုရင့်သမီးတော်တို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွံမင်းသမီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)